International
Labour
Organization

# လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ချိုးဖောက်မှုများကိုစွပ်စွဲသည့် တိုင်ကြားချက်များအား အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တွင် စစ်ဆေးမှုအတွက် အထူးလုပ်ထုံးလုပ်နည်းများ – နောက်ဆက်တွဲ (၁)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး မြန်မာ
အမှတ် ၁ (က)၊ ကန်ဘဲ့လမ်း (သစ္စာလမ်း)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း +၉၅ ၁ ၇၃၃၆၅၃၈၊ ၇၃၃၆၅၃၉

# လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ချိုးဖောက်မှုများကိုစွပ်စွဲသည့် တိုင်ကြားချက်များအား အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တွင် စစ်ဆေးမှုအတွက် အထူးလုပ်ထုံးလုပ်နည်းများ – နောက်ဆက်တွဲ (၁)

## နိဒါန်း

အောက်တွင်အဓိကအချက်အဖြစ်ဖော်ပြထားသည့် အလုပ်သမားသမဂ္ဂ၏ အခွင့်အရေးများကို ချိုးဖောက်နေမှုများအား စွပ်စွဲသည့် တိုင်ကြားချက်များအားစစ်ဆေးမှုအတွက် လက်ရှိလုပ်ထုံးလုပ်နည်းသည် ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ အုပ်ချုပ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကောင်စီတို့မှ ဘုံခွင့်ပြုချက်ဖြင့် သဘောတူပြဌာန်းခဲ့သည့် သတ်မှတ်ချက်တို့အပြင်၊ အုပ်ချုပ်ရေးအဖွဲ့မှ ၎င်း၏ (၁၁၇) ကြိမ်မြောက်အစည်းအဝေး (နိုဝင်ဘာလ ၁၉၅၁ ခု)၊ (၁၂၃) ကြိမ်မြောက်အစည်းအဝေး (နိုဝင်ဘာလ ၁၉၅၃ ခု)၊ (၁၃၂) ကြိမ်မြောက် အစည်းအဝေး (ဇွန်လ ၁၉၅၆ ခု)၊ (၁၄၀) ကြိမ်မြောက်အစည်းအဝေး (နိုဝင်ဘာလ ၁၉၅၈ ခု)၊ (၁၄၄) ကြိမ်မြောက် အစည်းအဝေး (မတ်လ ၁၉၆၀ ခု)၊ (၁၈၄) ကြိမ်မြောက်အစည်းအဝေး (နိုဝင်ဘာလ ၁၉၇၁ ခု)၊ (၂၀၂) ကြိမ်မြောက်အစည်းအဝေး (မတ်လ ၁၉၇၇ ခု)၊ (၂၀၉) ကြိမ်မြောက်အစည်းအဝေး (မေလ – ဇွန်လ ၁၉၇၉ ခု) နှင့် (၂၈၃) ကြိမ်မြောက်အစည်းအဝေး (မတ်လ ၂၀၀၂ ခု) တို့တွင် ရယူခဲ့သည့် တိုင်ကြားချက်များကို ပဏာမစစ်ဆေးမှုအတွက် ဌာနတွင်းလုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ၊ နှင့် နောက်ဆုံးအနေဖြင့်၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း ကော်မတီကိုယ်တိုင်မှ သဘောတူပြဌာန်းခဲ့သည့် အချို့ဆုံးဖြတ်ချက်များအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ (အဆုံး သတ်မှတ်စု ၁)[i]

## နောက်ခံသမိုင်း

၁။ ၁၉၅၀ ခုနှစ် ဇန်နဝါရီလတွင် အုပ်ချုပ်ရေးအဖွဲ့သည်၊ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကောင်စီနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက်၊ သီးခြားလွတ်လပ်သည့်ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားသည့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက် ရှာဖွေရေးနှင့်ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်ကိုဖွဲ့စည်းခဲ့ပြီး၊ ကော်မရှင်၏သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် ၎င်း၏ လုပ်ထုံးလုပ်နည်း၏ အထွေထွေစည်းမျဉ်းများကို သတ်မှတ်ခဲ့သည်။ ၎င်းသည် ကုလသမဂ္ဂအတွက် ကော်မရှင်၏ဝန်ဆောင်မှုများကိုရရှိ နိုင်စေသည့် လုပ်ထုံးလုပ်နည်းတစ်ခု ရေးဆွဲရန်ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်လူမှုရေးကောင်စီသို့ အကြံပြုချက်အရေအတွက် အချို့ကို ဆက်သွယ်ရန်လည်း ဆုံးဖြတ်ခဲ့သည်။

၂။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည်၊ ၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်နေ့၊ ၎င်း၏ ဆယ်ကြိမ်မြောက်အစည်းအဝေးတွင် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကိုမှတ်သားခဲ့ပြီး၊ ၎င်းသည် ၁၉၄၉ ခုနှစ် ဩဂုတ်လ (၂) ရက်နေ့ကချမှတ်ခဲ့သည့်ကောင်စီ၏ သန္နိဋ္ဌာန်၏ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိပြီး၊ ၎င်းသည် အလုပ်သမားသမဂ္ဂ၏ အခွင့်အရေးများကို အထိရောက်ဆုံးအကာအကွယ်ပေးရန် သက်သေပြနိုင်ဖွယ်ရှိသည့် နည်းလမ်းတစ်ခုဖြစ်သည်ကိုဆင်ခြင်၍၊ ၎င်းတွင် ဤဆုံးဖြတ်ချက်ကို တရားဝင်အတည်ပြုသည့် သန္နိဋ္ဌာန်ချမှတ်မှုတစ်ခုကို သဘောတူလက်ခံခဲ့သည်။ ၎င်းသည် ကုလသမဂ္ဂ၏ ကိုယ်စား၊ အိုင်အယ်လ်အိုနှင့် အချက်အလက် ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်၏ ဝန်ဆောင်မှုများကို လက်ခံရန်ဆုံးဖြတ်ခဲ့ပြီး ၊ ၁၉၅၃ ခုနှစ်တွင် ဖြည့်စွက်ခဲ့သော၊ လုပ်ထုံးလုပ်နည်းတစ်ခုကို ချမှတ်ခဲ့သည်။

## ကုလသမဂ္ဂမှလက်ခံရရှိသောတိုင်ကြားချက်များ

၃။ ကုလသမဂ္ဂမှလက်ခံရရှိခဲ့သော အိုင်အယ်လ်အိုအဖွဲ့ဝင်နိုင်ငံများအပေါ်သို့ အစိုးရများ သို့မဟုတ် အလုပ်သမားသမဂ္ဂ သို့မဟုတ် အလုပ်ရှင်များ၏ အဖွဲ့အစည်းများထံမှ အလုပ်သမားသမဂ္ဂအခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်များအားလုံးကို စီးပွားရေးနှင့်လူမှုရေးကောင်စီမှ၊ ၎င်းတို့အား အချက်အလက်ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်သို့ လွှဲပြောင်းပေးမှု၏ မေးခွန်းအပေါ်စဉ်းစားပေးမည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး၏ အုပ်ချုပ်ရေးအဖွဲ့သို့ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

၄။ အိုင်အယ်လ်အို၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် ကုလသမဂ္ဂ၏ မည်သည့်အဖွဲ့ဝင်နိုင်ငံနှင့်ပတ်သက်၍မဆို အလားတူစွပ်စွဲချက်များကို ကုလသမဂ္ဂမှ လက်ခံရရှိသောအခါ၊ ကော်မရှင်သို့ အိုင်အယ်လ်အိုအုပ်ချုပ်ရေး အဖွဲ့မှတစ်ဆင့် စီးပွားရေးနှင့် လူမှုရေးကောင်စီကို ကိုယ်စားပြုနေသည့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးသည်၊ သက် ဆိုင်ရာအစိုးရ၏ သဘောတူခွင့်ပြုချက်ကို လက်ခံရရှိခဲ့ပြီးသည့်အခါနှင့်၊ အကယ်၍ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ ဤစွပ်စွဲချက်များသည် လွှဲပြောင်းပေးရန်သင့်လျော်သည်ဟု ထင်မြင်ယူဆပါက၊ ထပ်ဆင့်ပေးပို့မည်ဖြစ်သည်။ အကယ်၍အစိုးရ၏ သဘောတူညီချက်သည် မဖြစ်လာတော့ပါက၊ စီးပွားရေးနှင့် လူမှုရေးကောင်စီသည်၊ ဤကိစ္စရပ်တွင် ပါဝင်ပတ်သက်နေသည့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် ဆက်နွယ်နေသော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးရန်တွက်ချက်၍ သင့်လျော်သည့် အခြားမည်သည့်အရေးယူဆောင်ရွက်မှုကိုမဆို ပြုလုပ်သည့်ရည်ရွယ်ချက်ဖြင့်၊ ယင်းကဲ့သို့သော ငြင်းဆိုမှုကြောင့် ဖြစ်ပေါ်လာမည့်အနေအထားကို ဆင်ခြင်သုံးသပ်မည်။ အကယ်၍ အုပ်ချုပ်ရေးအဖွဲ့သည်၊ ၎င်း၏ ရှေ့မှောက်တွင် အိုင်အယ်လ်အို၏ အဖွဲ့ဝင်မဟုတ်သော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုအပေါ် အလုပ်သမားသမဂ္ဂအခွင့်အရေးချိုးဖောက်မှုများနှင့်

ပတ်သက်၍ စွပ်စွဲချက်များရှိပါက၊ ၎င်းသည် ယင်းကဲ့သို့သော စွပ်စွဲချက်များကို စီးပွားရေးနှင့် လူမှုရေးကောင်စီသို့၊ ပထမဆုံးအနေဖြင့် လွှဲပြောင်းပေးရမည်ဖြစ်သည်။

## တိုင်ကြားချက်များကိုစစ်ဆေးရန်အခွင့်ရအာဏာပိုင်အဖွဲ့များ

၅။ အုပ်ချုပ်ရေးအဖွဲ့မှ မူလချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ခုနှင့်အညီ၊ အိုင်အယ်လ်အို၏ အဖွဲ့ဝင်နိုင်ငံများအပေါ် တိုင်ကြားချက်များကို အုပ်ချုပ်ရေးအဖွဲ့၏အရာရှိများထံသို့ ပဏာမစစ်ဆေးမှုအတွက် ပထမဆုံးအနေဖြင့် တင်သွင်းရမည်ဖြစ်သည်။ ၎င်း၏ ၁၁၆ ကြိမ်မြောက်နှင့် ၁၁၇ ကြိမ်မြောက်အစည်းအဝေးများ၏ ဆွေးနွေးပွဲများနောက်ပိုင်းတွင် အုပ်ချုပ်ရေးအဖွဲ့က ဤပဏာမစစ်ဆေးမှုကိုဆောင်ရွက်ရန် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာကော်မတီတစ်ခုကို တည်ထောင်ရန်ဆုံးဖြတ်ခဲ့သည်။

၆။ ထို့ကြောင့်၊ လက်ရှိအချိန်တွင်၊ အိုင်အယ်လ်အိုသို့တင်သွင်းသော အလုပ်သမားသမဂ္ဂအခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်းသည့်စွပ်စွဲထားသော တိုင်ကြားချက်များကိုကြားနာရန် လုပ်ပိုင်ခွင့်အာဏာရှိသည့် အဖွဲ့များသုံးခုရှိသည်၊ဆိုလိုသည်မှာ-အုပ်ချုပ်ရေးအဖွဲ့မှတည်ထောင်ထားသည့်လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာကော်မတီ၊ အုပ်ချုပ်ရေးအဖွဲ့ကိုယ်တိုင်နှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းအပေါ် အချက်အလက်ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်တို့ဖြစ်သည်။

## လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာကော်မတီ၏ ပေါင်းစပ်ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်ပုံ

၇။ ဤအဖွဲ့သည် အိုင်အယ်လ်အို၏ ကိုယ်ပိုင်သုံးပွင့်ဆိုင်ဝိသေသလက္ခဏာကို ထင်ဟပ်စေသည့် အုပ်ချုပ်ရေးအဖွဲ့၏ ယန္တရားတစ်ခုဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ၎င်း၏ဖြစ်ပေါ်လာမှုစတင်ကတည်းက အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအုပ်စုများ၏ တူညီသည့်အချိုးအစားဖြင့်ကိုယ်စားပြုသည့် ပုံမှန်အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းထားသည် – အဖွဲ့ဝင်တစ်ဦးစီသည် ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့်ပါဝင်ကြသည်။ အုပ်ချုပ်ရေးအဖွဲ့ကပင် ခန့်အပ်ထားသော၊ အစားထိုးအဖွဲ့ဝင်ကိုးဦးကိုလည်း၊ အကယ်၍ အကြောင်းပြချက်တစ်ခုကြောင့် ပုံမှန်အဖွဲ့ဝင်များကမတက်ရောက်နိုင်သည့်အခါမှသာ၊ ကနဦးပေါင်းစပ်ဖွဲ့စည်းပုံကို ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက်၊ အစည်းအဝေးများတွင်ပါဝင်ရန် မူလကပင်သတ်မှတ်တောင်းဆိုထားခဲ့သည်။

၈။ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကော်မတီမှလက်ခံပြဋ္ဌာန်းခဲ့ပြီး ၂၀၀၂ ခုနှစ် မတ်လတွင် သတ်မှတ်ခဲ့သည့် လက်ရှိကျင့်သုံးမှုအရ အစားထိုးအဖွဲ့ဝင်များသည်၊ ပုံမှန်အဖွဲ့ဝင်များအားလုံးရှိနေသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကော်မတီ၏လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန်အခွင့်အရေးကို ပေးထားသည်။ ထို့ကြောင့်၎င်းတို့သည် လက်ထောက်အဖွဲ့ဝင်များ၏ အဆင့်အတန်းကိုရရှိကြပြီး ပုံမှန်အဖွဲ့ဝင်များကဲ့သို့ တူညီသောနည်းဥပဒေများကို လေးစားရမည်။

၉။ ၂၀၀၂ ခုနှစ် မတ်လတွင်၎င်း၏ လတ်တလောအကျဆုံးပြုလုပ်ခဲ့သည့် လုပ်ထုံးလုပ်နည်းအပေါ်စစ်ဆေးမှု၌၊ ကော်မတီက၊အဖွဲ့ဝင်အားလုံးကို ၎င်းတို့၏ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ခန့်အပ်သည့်စည်းမျဉ်း၏ရည်ရွယ်ချက်အတိုင်း၊ အစိုးရအဖွဲ့ဝင်များ၏ အမည်စာရင်းတင်သွင်းမှုများကို ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ပြုလုပ်နိုင်လိမ့်မည်ဆိုလျှင် အစိုးရကိုယ်စားပြုခြင်း၏ အတန်အသင့် တည်မြဲမှုတစ်ခု သေချာရန်မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

၁၀။ တိုင်ကြားမှုတစ်ခုပြုလုပ်ခဲ့သော နိုင်ငံ၏ ကိုယ်စားလှယ် သို့မဟုတ် နိုင်ငံသား၊ သို့မဟုတ် တိုင်ကြားမှုပြုလုပ်ခဲ့သော အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ နိုင်ငံတော်အဖွဲ့အစည်းတွင် တရားဝင်ရာထူးတစ်ခုရယူထားသော ပုဂ္ဂိုလ်တစ်ဦးသည်၊ ကော်မတီ၏ ဆင်ခြင်စဉ်းစားမည့်ဆွေးနွေးပွဲများတွင် သို့မဟုတ် အဆိုပါတိုင်ကြားမှုကိုကြားနာစစ်ဆေးနေစဉ်တွင် မည်သူမျှ မပါဝင်နိုင်ပါ။ အလားတူပင်၊ အမှုကိစ္စနှင့်ပတ်သက်သောစာရွက်စာတမ်းများကို ၎င်းတို့အားထောက်ပံ့မပေးပါ။

၁၁။ ကော်မတီသည်တစ်ညီတစ်ညွတ်တည်းချမှတ်သည့်ဆုံးဖြတ်ချက်များကိုရရှိရန်အစဉ်အမြဲကြိုးပမ်းသည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရား

၁၂။ ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအကြောင်းပြု၍ အိုင်အယ်လ်အိုကို၊ နိုင်ငံအမျိုးမျိုးတွင် အထူးသဖြင့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တိုးတက်စေရန်နှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းကို မြှင့်တင်ရန်အတွက်တည်ထောင်ခဲ့သည်။ထို့ကြောင့်၊အိုင်အယ်လ်အိုသည်၎င်း၏အဖွဲ့ဝင်များထံမှ၎င်းကိုတာဝန်ပေးထားသောရည်မှန်းချက်များကို ရရှိရန်ရည်ရွယ်ချက်နှင့် အတူလက်ခံခဲ့သည့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်အတွင်း၌ကျရောက်သည့်အတွက်၊ ဤဆက်သွယ်မှုတွင် အဖွဲ့အစည်းက ဖြေရှင်းခဲ့သောကိစ္စရပ်များသည် နိုင်ငံများ၏အထူးသီးသန့်နယ်ပယ်အတွင်းမကျရောက်နိုင်တော့ဘဲ၊ရည်ရွယ်ချက်အတွက်ဆောင်ရွက်သောအဖွဲ့အစည်း၏အရေးယူဆောင်ရွက်ချက်သည် ပြည်တွင်းရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်သည်ဟု မှတ်ယူ၍ မရနိုင်ပါ။ (အဆုံးသတ်မှတ်စု ၂)[ii]

၁၃။ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးကို အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်သည့် အိုင်အယ်လ်အို၏ လုပ်ငန်းသည်၊ ငြိမ်းချမ်းရေးနှင့် လူမှုရေးတရားမျှတမှု၏ ပဓာနကျသောကာကွယ်တားဆီးမှုများအနက်တစ်ခုအနေဖြင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း၏ အထွေထွေဥပဒေသများအားထိရောက်မှုရှိစေရန်အတွက် ပံ့ပိုးရန်ဖြစ်သည်။ (အဆုံးသတ်မှတ်စု ၃)[iii] ၎င်း၏ လုပ်ငန်းမှာ အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အဖွဲ့အစည်း၏ အခွင့်အရေးကို လုံခြုံစေရန်နှင့်မြှင့်တင်ပေးရန် ဖြစ်သည်။ ၎င်းသည် အစိုးရများကို စွဲချက်များတင်ခြင်း သို့မဟုတ်၊ ပြစ်တင်ရှုတ်ချခြင်းမပြုပါ။ ကော်မတီသည်၊ နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့်၊ ၎င်း၏တိကျသော လုပ်ပိုင်ခွင့်အာဏာအတွင်း မသက်ရောက်သည့် ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းမှုကို ရှောင်ရှားခြင်းဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များကို ဖြည့်ဆည်းရာတွင်၊ အစွမ်းကုန် ဂရုစိုက်သည်။

၁၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်တွင် သက်ဆိုင်ရာပြဋ္ဌာန်းချက်များတွင် ချမှတ်ထားသည့်အတိုင်း ပေးထားသည့်ဥပဒေတိုင်း သို့မဟုတ် လက်တွေ့ကျင့်သုံးမှုတိုင်းသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေသများအား လေးစားလိုက်နာမှုရှိမရှိကို အဆုံးအဖြတ်ပေးရာတွင်ပါဝင်သည်။ (အဆုံးသတ်မှတ်စု ၄)[iv]

၁၅။ စွပ်စွဲချက်များကို ထောက်ခံရန် ကျေနပ်အားရသည့် သက်သေအထောက်အထားရှိမရှိနှင့် မည်သည့်အတိုင်းအတာအထိ တင်ပြထားသည်ကို စစ်ဆေးရန်သည် ကော်မတီ၏ လုပ်ပိုင်ခွင့်အတွင်းတွင်ဖြစ်သည် – ဤအသိအမှတ်ပြုခြင်းသည် အမှုကိစ္စ၏ ကောင်းကျိုးများအပေါ်သက်ရောက်စေပြီး လက်ခံနိုင်မှုမရှိခြင်း၏ ရှာဖွေတွေ့ရှိချက်တစ်ခုအား အထောက်အကူမဖြစ်စေနိုင်ပါ။ (အဆုံးသတ်မှတ်စု ၅)[v]

၁၆။ ဖြစ်နိုင်ခြေရှိသည့် နားလည်မှုလွဲမှားခြင်း သို့မဟုတ် အဓိပ္ပါယ်ကောက်လွဲမှားခြင်းမှ ရှောင်ရှားရန်ရည်ရွယ်ချက်တစ်ခုဖြင့်၊ ကော်မတီက၊ ၎င်းထံတင်သွင်းခဲ့သော စွပ်စွဲချက်များကိုစစ်ဆေးရန် ၎င်း၏ လုပ်ငန်းတာဝန်ကို

ကန့်သတ်ထားကြောင်းကို ရှင်းလင်းအောင်ပြုလုပ်ထားရန်လိုအပ်သည်ဟု ယူဆသည်။ ၎င်း၏ လုပ်ငန်းသည် သီးခြားနိုင်ငံအချို့တွင် မရေရာသောယေဘုယျ ထုတ်ပြန်ချက်များအပေါ် အခြေခံ၍ အလုပ်သမားသမဂ္ဂအခြေအနေနှင့်ပတ်သက်သော ယေဘုယျကောက်ချက်များကို ဖော်ထုတ်ရန်မဟုတ်ဘဲ၊ တိကျသောစွပ်စွဲချက်များကို အကဲဖြတ်ရန်သာဖြစ်သည်။

၁၇။ ကော်မတီ၏ ပုံမှန်အလေ့အထမှာ အစိုးရများအပေါ် စွပ်စွဲချက်များနှင့် လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခြင်းကို ချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် လူပုဂ္ဂိုလ်များအပေါ်စွပ်စွဲချက်များအကြားတွင် မည်သည့်အတန်းအစား ခွဲခြားမှုကိုမျှ မပြုလုပ်စေရန်ဖြစ်သည်၊ သို့ရာတွင်၊ သီးသန့်ကိစ္စရပ်တစ်ခုစီတွင်၊ အစိုးရတစ်ခုက ၎င်း၏ ပိုင်နက်အတွင်းတွင် အလုပ်သမားသမဂ္ဂအခွင့်အရေးများကို လွတ်လပ်စွာကျင့်သုံးမှုအား အကာအကွယ်ပေးထားခြင်း သေချာမှုရှိမရှိကို စဉ်းစားရန်ဖြစ်သည်။

၁၈။ ကော်မတီသည် (အကယ်၍ ထိုက်သင့်သော ကာလအတောအတွင်း လက်ခံရရှိခဲ့ပါက၊ ပဏာမစစ်ဆေးမှုပြီးစီး၍ သက်ဆိုင်ရာအစိုးရများကပြုလုပ်ခဲ့သည့် မည်သည့်လေ့လာတွေ့ရှိချက်များကိုမဆို ထည့်သွင်းစဉ်းစားပြီးနောက်) အကယ်၍ ၎င်းသည်၊ ဥပမာ – စွပ်စွဲထားသည့်အချက်အလက်များသည် အလုပ်သမားသမဂ္ဂအခွင့်အရေး ချိုးဖောက်မှုကို ကျင့်ကြံအားထုတ်ခြင်းမဟုတ်ကြောင်း သက်သေပြနိုင်မည်ဆိုပါက၊ သို့မဟုတ် ပြုလုပ်ထားသည့် စွပ်စွဲချက်များ၏ ဝိသေသလက္ခဏာသည် နိုင်ငံရေးသက်သက်မျှသာဖြစ်သည့်အတွက် ၎င်းကိစ္စရပ်ကို နောက်ထပ် ဆက်လက်လုပ်ဆောင်ရန် နှစ်လိုဖွယ်မရှိခြင်း သို့မဟုတ် ပြုလုပ်ခဲ့သည့် စွပ်စွဲချက်များသည် အမှုကိစ္စ၏ ကောင်းကျိုးအပေါ် ထည့်သွင်းစဉ်းစားခြင်းကိုခွင့်ပြုရန် အလွန်မသဲကွဲခြင်း သို့မဟုတ် တိုင်ကြားသူသည် အချက် အလက်ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်သို့ ကိစ္စရပ်ကိုလွှဲပေးခြင်းအတွက် ခိုင်လုံမှုရှိရန် လုံလောက်သော သက်သေအထောက်အထားကို ကမ်းလှမ်းခြင်းမရှိကြောင်းတွေ့ရှိပါက၊ အမှုသည်ထပ်မံ စစ်ဆေးရန် မလိုတော့ကြောင်း အုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံသည်။

၁၉။ ကော်မတီသည်၊ အုပ်ချုပ်ရေးအဖွဲ့အား ၎င်းတွေ့ရှိခဲ့သောမူမမှန်မှုများထံသို့ သက်ဆိုင်ရာအစိုးရများ၏ အာရုံစိုက်မှုကို ဆွဲဆောင်၍၊ ၎င်းတို့ကိုဖိတ်ခေါ်ပြီး၊ အခြေအနေကိုပြုပြင်ခြင်းအတွက် သင့်လျော်သည့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ထောက်ခံအကြံပြုနိုင်သည်။

## တိုင်ကြားမှုများကိုစစ်ဆေးရန်ကော်မတီ၏ လုပ်ပိုင်ခွင့်အာဏာ

၂၀။ ကော်မတီမှ၊ ယင်းကဲ့သို့သော စွပ်စွဲချက်များသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် မသက်ဆိုင်သည့်အတွက်၊ လုပ်ငန်းခွင်အခြေအနေများနှင့်ပတ်သက်သည့် အိုင်အယ်လ်အို၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရန် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာအတွင်း၌မရှိဟု ဆင်ခြင်သုံးသပ်ခဲ့ပြီးဖြစ်သည်။

၂၁။ ကော်မတီမှ၊ လူမှုဖူလုံရေးဥပဒေနှင့်စပ်လျဉ်းသည့်မေးခွန်းများသည်၊ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာပြင်ပသို့ ရောက်ရှိနေ၍ ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။

၂၂။ တိကျသောနိုင်ငံတော်ဥပဒေများနှင့် ထိန်းချုပ်ထားသည့် မြေယာပိုင်ဆိုင်မှုနှင့်လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ထွက်လာသည့် မေးခွန်းများသည် အလုပ်သမားသမဂ္ဂအခွင့်အရေးများ ကျင့်ကြံအားထုတ်မှု၏ ပြဿနာများနှင့် မည်သို့မျှမသက်ဆိုင်ပါ။

၂၃။ မည်သည့်သီးခြားနိုင်ငံတွင်မဆို အလုပ်သမားဆက်ဆံရေးစနစ်၏ အမျိုးအစား သို့မဟုတ် ထူးခြားသောလက္ခဏာများ – ဥပဒေပြုမှုစည်းမျဉ်းအတိုင်းအတာအပါအဝင် – အပေါ်ထင်မြင်ချက်တစ်ခုပေးရန် ကော်မတီ၏ သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်များ အတွင်း၌ မရှိပါ။ (အဆုံးသတ်မှတ်စု ၆)[vi]

၂၄။ ကော်မတီသည်၊ နိုင်ငံနှင့်ဆိုင်သည့်အခြေအနေများ၊ အလုပ်သမားဆက်ဆံရေးသမိုင်းနှင့် လူမှုရေးနှင့် စီးပွားရေးအခြေအနေ စသည်တို့ကို အစဉ်အမြဲထည့်သွင်းစဉ်းစားသည်၊ သို့သော် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဥပဒေသများသည် နိုင်ငံများအကြား တညီတညာတည်းနှင့် တသမတ်တည်းသက်ဆိုင်သည်။ (အဆုံးသတ်မှတ်စု ၇)[vii]

၂၅။ သက်ဆိုင်ရာအစိုးရက ထုတ်ဖော်သည့်မေးခွန်းများ၏ဝိသေသလက္ခဏာသည် နိုင်ငံရေးသက်သက်သာဖြစ်သည်ဟု စဉ်းစားသုံးသပ်သည့်အခါ၊ စွပ်စွဲချက်များသည် နိုင်ငံရေးမှမြစ်ဖျားခံနိုင်သော်လည်း သို့မဟုတ် အချို့သောလက်ရှိနိုင်ငံရေးရှုထောင့်များ ဖြစ်နိုင်သော်လည်း၊ အကယ်၍ ၎င်းတို့သည် အလုပ်သမားသမဂ္ဂအခွင့်အရေးများကို ကျင့်ကြံအားထုတ်မှုနှင့် တိုက်ရိုက်ပတ်သက်သော မေးခွန်းများထုတ်ပါက၊ ၎င်းတို့ကို အနှစ်သာရရှိစွာ စစ်ဆေးသင့်သည်ဟု ကော်မတီက ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

၂၆။ တိုင်ကြားချက်တစ်ခုတွင် ထုတ်ပြန်ခဲ့သည့်ကိစ္စရပ်များသည် ပြစ်မှုဆိုင်ရာဥပဒေ သို့မဟုတ် အလုပ်သမားသမဂ္ဂအခွင့်အရေးများကို ကျင့်ကြံအားထုတ်မှုနှင့်သက်ဆိုင်သည်ဟူသော မေးခွန်းကို တိုင်ကြားချက်တစ်ခုပြုလုပ်ခံထားရသည့်အစိုးရမှ တစ်ဖက်သတ်ဆုံးဖြတ်၍မရပါ။ ကော်မတီမှရရှိနိုင်သော သတင်းအချက်အလက်အားလုံးကို စစ်ဆေးပြီးနောက် ထိုကိစ္စအပေါ် စီရင်ချက်ချမှတ်ရန်ဖြစ်သည်။ (အဆုံးသတ်မှတ်စု ၈)[viii]

၂၇။ ၎င်းသည်ဥပဒေမူကြမ်းနှင့်ပတ်သက်၍ တိကျပြီးအသေးစိတ်သော စွပ်စွဲချက်များကို ကိုင်တွယ်ဖြေရှင်းခဲ့ရသောအခါ၊ ယင်းကဲ့သို့သော စွပ်စွဲချက်များသည် အကြောင်းအရာနှင့်ပတ်သက်၍ ဥပဒေ၏သက်ဝင်မှုမရှိဟု ကော်မတီမှ ယူဆခဲ့သည့်အချက်သည် ၎င်းသက်သက်အနေဖြင့် ပြုလုပ်ခဲ့သောစွပ်စွဲချက်များ၏ အကောင်းအဆိုးများအပေါ် ၎င်း၏ထင်မြင်ယူဆချက်ကို ထုတ်ဖော်ခြင်းမှ ၎င်းအား မတားမြစ်သင့်ပါ။ ယင်းကဲ့သို့သော ကိစ္စရပ်များတွင်၊ ၎င်းအနေဖြင့် နှစ်လိုဖွယ်ဖြစ်သည်ဟု ယူဆသဖြင့်၊ အဆိုပြုထားသည့် ဥပဒေမူကြမ်းနှင့် ပတ်သက်၍၊ ၎င်းကို မပြဋ္ဌာန်းမီ၊ ၎င်းအပေါ် မည်သည့်မွမ်းမံမည့်ကိစ္စမျိုးမဆိုသည် လမ်းဖွင့်ပေးသည့် အစိုးရ၏ ပဏာမခြေလှမ်းအပေါ် မူတည်သည့်အတွက် အစိုးရနှင့်တိုင်ကြားသူတို့အား ကော်မတီ၏ ရှုထောင့်ကို သိရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

၂၈။ နိုင်ငံတော်ဥပဒေက တရားရုံးများ သို့မဟုတ် လွတ်လပ်သောခုံရုံးများရှေ့မှောက်၌ အယူခံဝင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားပြီး၊ ၎င်းလုပ်ထုံးလုပ်နည်းများကို တိုင်ကြားချက်၏ အကြောင်းရင်းကိစ္စများအတွက် အသုံးပြုခဲ့ခြင်းမရှိသည့်အခါတွင်၊ ကော်မတီသည် တိုင်ကြားချက်များကို စစ်ဆေးသည့်အခါ ထိုအချက်ကို ထည့်သွင်းစဉ်းစားသည်။

၂၉။ အမှုကိစ္စတစ်ခုသည် သင့်လျော်သော အာမခံချက်များပေးထားသည့် လွတ်လပ်သောနိုင်ငံတော် တရားစီရင်ပိုင်ခွင့်တစ်ခုမှ စစ်ဆေးသောအခါနှင့်၊ ချမှတ်ရမည့်ဆုံးဖြတ်ချက်မှ ထပ်ဆောင်းအချက်အလက်များကိုပေးနိုင်ကြောင်း ကော်မတီကယူဆလျှင်၊ ဤဆုံးဖြတ်ချက်ကိုစောင့်ဆိုင်းရန် သင့်တော်သောအချိန်တစ်ခုအတွက် ၎င်း၏ ထိုအမှုကိုစစ်ဆေးခြင်းကို ဆိုင်းငံ့ထားလိမ့်မည်၊ တွေ့ ကြုံခဲ့ရသောနှောင့်နှေးမှုကြောင့် အခွင့်အရေးများ ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခံရသောပါတီအပေါ် ဘက်လိုက်မှုအန္တရာယ်မရှိစေရ။

၃၀။ ပြည်တွင်းဥပဒေလုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်းသည်၊ မည်သည့်အကျိုးရလဒ်ပင်ဖြစ်စေ၊ ထည့်သွင်းစဉ်းစားရမည့် အကြောင်းရင်းတစ်ခုဖြစ်သည်ကို ယုံမှားသံသယရှိဖွယ်မဟုတ်သော်လည်း၊ ကော်မတီက၊ ၎င်း၏တာဝန်ဝတ္တရားများကို ထောက်ရှု၍၊ စွပ်စွဲချက်များကိုစစ်ဆေးရန် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာသည် နိုင်ငံဆိုင်ရာလုပ်ထုံးလုပ်နည်းများ အကုန်လုံးသုံးစွဲရန်မလိုဟု အစဉ်အမြဲယူဆခဲ့သည်။

## တိုင်ကြားချက်များကိုလက်ခံရရှိနိုင်မှုရှိခြင်း

၃၁။ တိုက်ရိုက် သို့မဟုတ် ကုလသမဂ္ဂမှတစ်ဆင့်ဖြစ်စေ၊ အိုင်အယ်လ်အိုသို့ တင်ထားသောတိုင်ကြားချက်များသည် အလုပ်သမားများ သို့မဟုတ် အလုပ်ရှင်များအဖွဲ့အစည်းများမှဖြစ်စေ သို့မဟုတ် အစိုးရများမှဖြစ်စေ ဖြစ်ရမည်။ စွပ်စွဲချက်များသည်၊ ကိစ္စရပ်တွင် တိုက်ရိုက်စိတ်ဝင်စားမှုရှိသည့် နိုင်ငံတော်အဖွဲ့အစည်းတစ်ခု၊ အိုင်အယ်လ်အိုနှင့် ညှိနှိုင်းတိုင်ပင်ခံသည့်အဆင့်ရှိသော အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု သို့မဟုတ် စွပ်စွဲချက်များသည် အသင်းဝင်ထားသော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ပတ်သက်မှုရှိသည့် ကိစ္စရပ်များနှင့် ဆက်စပ်နေသောအလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အခြား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုက တင်သွင်းမှသာ လက်ခံနိုင်ပါသည်။ ယင်းကဲ့သို့သော တိုင်ကြားချက်များကိုသက်ဆိုင်သည့်နိုင်ငံသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတည်ပြုခဲ့ပြီးသည်ဖြစ်စေ၊ မပြုခဲ့ရသေးသည်ဖြစ်စေ တင်ပြနိုင်ပါသည်။

၃၂။ ကော်မတီတွင်၊ အဖွဲ့အစည်းတစ်ခုသည် အိုင်အယ်လ်အိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပါယ်အတွင်း အလုပ်ရှင်များ၏ သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းဟု ယူဆနိုင်ခြင်း မနိုင်ခြင်းကို ဆုံးဖြတ်ရန် လွတ်လပ်မှုအပြည့်အဝရှိပြီး၊ ၎င်းအနေဖြင့် စကားရပ်၏ မည်သည့်အမျိုးသားအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်မျှ ၎င်းအားချုပ်နှောင်မှုရှိသည်ဟု မယူဆပါ။

၃၃။ ကော်မတီသည်၊ မေးခွန်းထုတ်ခံရသည့်အစိုးရပြုတ်ကျသွားခဲ့ခြင်း၊ သို့မဟုတ် ကိုယ်စားပြု၍တိုင်တန်းချက် ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းအား ဖျက်သိမ်းရန်အဆိုပြုခဲ့ခြင်း၊ သို့မဟုတ် တိုင်တန်းမှုပြုလုပ်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များသည် တိုင်းတပါးတွင် ခိုလှုံခွင့်ယူခဲ့ရုံမျှနှင့် မည်သည့်တိုင်တန်းချက်ကိုမျှ လက်ခံနိုင်မှုမရှိဟု မယူမှတ်ပါ။

၃၄။ အလုပ်သမားသမဂ္ဂတစ်ခုသည် နိုင်ငံတော်ဥပဒေများမှ လိုအပ်ချက်ရှိနိုင်သော ၎င်း၏ သမဂ္ဂဆိုင်ရာစည်းမျဉ်းများကို ကြိုတင်ပေးထားခဲ့ခြင်းမရှိသည့်အချက်သည်၊ လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေသများတွင် အလုပ်သမားများသည် ယခင်ခွင့်ပြုမိန့်မရှိသော်လည်း၊ ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှုအရ အဖွဲ့အစည်းများကို တည်ထောင်နိုင်ရမည်ဟု၊ တိကျစွာသတ်မှတ်ထားသည့်အတွက် ၎င်း၏တိုင်ကြားချက်ကို လက်ခံနိုင်မှုမရှိဟု ပြုရန်အတွက် မလုံလောက်ပါ။

၃၅။ အဖွဲ့အစည်းတစ်ခုကို တရားဝင်အသိအမှတ်မပြုရသေးဟူသောအချက်သည်၊ ဤအဖွဲ့အစည်းအနေဖြင့်အနည်းဆုံးလက်တွေ့တွင် အသက်ဝင်တည်ရှိနေကြောင်း တိုင်ကြားချက်များအရ ရှင်းရှင်းလင်းလင်းဖြစ်နေသည့်အခါ၊ စွပ်စွဲချက်များကို ငြင်းပယ်ခြင်းသည် ခိုင်လုံမှုမရှိပါ။

၃၆။ တိကျသေသတင်းအချက်အလက်များ မရရှိနိုင်သည့်အဖွဲ့အစည်းတစ်ခုမှ တင်ပြထားသည့်တိုင်ကြားချက်များကို စစ်ဆေးရန် ကော်မတီကိုတောင်းဆိုသည့်ကိစ္စရပ်များတွင်၊ ၎င်း၏ အဖွဲ့ဝင်အရွယ်အစား၊ ၎င်း၏ လွှတ်တော်မှအတည်ပြုသည့် ဥပဒေများ၊ ၎င်း၏ နိုင်ငံဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာဆက်သွယ်ပေါင်းစည်းမှုများ

နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးရန်နှင့် ယေဘုယျအားဖြင့်၊ တိုင်ကြားချက်ကိုလက်ခံနိုင်မှုအတွက် မည်သည့်စစ်ဆေးချက်မဆို၌၊ တွက်ချက်ထားသည့် အခြားမည်သည့်သတင်းအချက်အလက်ကိုမဆို၊ တိုင်ကြားသည့်အဖွဲ့အစည်း၏ တိကျမှန်ကန်သောသဘောသဘာဝကို ပိုမိုအလေးထားမှုသို့ ဦးတည်စေရန်၊ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အဖွဲ့အစည်းအား တောင်းဆိုရန်အခွင့်အာဏာရှိသည်။

၃၇။ ကော်မတီသည်၊ တုန့်ပြန်လက်စားချေမှုများကို စိုးရိမ်နေသည့်အတွက်၊ ၎င်းတို့၏ အမည်များ သို့မဟုတ် တိုင်ကြားချက်များ၏ ဇစ်မြစ်ကိုဖွင့်ဟထုတ်ဖော်မှုမပြုရန် မေတ္တာရပ်ခံသည့် လူပုဂ္ဂိုလ်များက တင်ပြသည့်တိုင်ကြားမှုများကို၊ အကယ်၍ ညွှန်ကြားရေးမှူးချုပ်က၊ မေးခွန်းထုတ်ထားသည့်တိုင်ကြားချက်ကို စစ်ဆေးပြီးသောအခါ၊ ၎င်းတွင် ကော်မတီမှ ယခင်ကစစ်ဆေးခဲ့ခြင်းမရှိ သောလေးနက်မှုအတိုင်းအတာအချို့ရှိသည့် စွပ်စွဲချက်များ ပါဝင်နေသည်ဟု ကော်မတီသို့အကြောင်းကြားမှသာလျှင်၊ အလေးထားစဉ်းစားမည်။ ထို့နောက်တွင် ကော်မတီသည် ထိုကဲ့သို့သောတိုင်ကြားချက်များနှင့်စပ်လျဉ်း၍၊ အကယ်၍ရှိခဲ့ပါက၊ မည်သည့်အရေးယူဆောင်ရွက်မှုကို ပြုလုပ်သင့်ကြောင်း ဆုံးဖြတ်နိုင်သည်။

## တိုင်ကြားချက်များ၏ ထပ်ဖန်တလဲလဲဖြစ်တတ်သော သဘောသဘာဝ

၃၈။ မည်သည့်အမှုကိစ္စတွင်မဆို တိုင်ကြားချက်တစ်ခု၌၊ ကော်မတီကဆုံးဖြတ်ချက်တစ်ခုချမှတ်ခဲ့ပြီးသော ထပ်တူချိုးဖောက်မှုများနှင့် ပတ်သက်နေပါက၊ ပထမဆုံးအနေဖြင့်၊ ညွှန်ကြားရေးမှူးချုပ်သည်၊ ထိုတိုင်ကြားချက်ကို ကော်မတီသို့ လွှဲပြောင်းပေးနိုင်ပြီး၊ ယင်းအပေါ် အရေးယူဆောင်ရွက်မှုပြုလုပ်ရန် လျော်ကန်မှုရှိမရှိကို ၎င်းမှ ဆုံးဖြတ်လိမ့်မည်။

၃၉။ ကော်မတီက၊ ၎င်းကိုအနှစ်သာရရှိစွာစစ်ဆေးပြီးစီးခဲ့ပြီး၍ ၎င်းတွင်အုပ်ချုပ်ရေးအဖွဲ့သို့ နောက်ဆုံးအကြံပြုထောက်ခံချက်များ တင်သွင်းပြီးဖြစ်သည့်အတွက်၊ အကယ်၍ အထောက်အထားအသစ်ကို သက်သေပြ၍ ၎င်းကိုအသိပေးမှသာ၊ ၎င်းသည် အမှုကိစ္စတစ်ခုကို ပြန်လည်ဖွင့်လှစ်နိုင်သည်ဟု ယူဆထားသည်။ ထိုနည်းတူ၊ ကော်မတီသည် ၎င်းအနေဖြင့် ထင်မြင်ချက်တစ်ခုပေးပြီးသော စွပ်စွဲချက်များအပေါ် ပြန်လည်စစ်ဆေးခြင်းကို မပြုတော့ပါ။ ဥပမာ – တိုင်ကြားချက်တစ်ခုသည် ၎င်းမှစစ်ဆေးခဲ့ပြီးသည့် ဥပဒေတစ်ခုကို ရည်ညွှန်းထားလျှင်၊ ထိုအတိုင်းတော့၊ လိုအပ်ချက်အသစ်များပါရှိမည်မဟုတ်ပါ။ (အဆုံးသတ်မှတ်စု ၉)[ix]

## တိုင်ကြားချက်၏ပုံစံ

၄၀။ တိုင်ကြားချက်များသည် စာဖြင့်ရေးသားပြီး၊ ၎င်းတို့ကိုတင်ပြရန်အခွင့်ရှိသည့် အဖွဲ့တစ်ခု၏ ကိုယ်စားလှယ်တစ်ဦးက သတ်မှတ်ချက်နှင့်အညီ လက်မှတ်ရေးထိုးပြီး၊ ၎င်းတို့သည် အလုပ်သမားသမဂ္ဂအခွင့်အရေးများကို တိကျသည့်ချိုးဖောက်မှုများ အတွက် တတ်နိုင်သမျှ အပြည့်အဝခိုင်မာမှုရှိသည့် သက်သေအထောက်အထားဖြစ်ရမည်။

၄၁။ ကော်မတီသည်၊ တိုက်ရိုက် သို့မဟုတ် ကုလသမဂ္ဂမှတစ်ဆင့်၊ အဖွဲ့အစည်းများက တတိယအဖွဲ့များ (third parties) သို့ ပေးပို့သောဆက်သွယ်ရေးများ၏ မိတ္တူများသက်သက်ကိုသာ လက်ခံရရှိသည့်အခါ၊ ထိုသို့သော ဆက်သွယ်ရေးများသည် တရားဝင်တိုင်ကြားချက်များမဖြစ်ဘဲ ၎င်းအနေဖြင့် အရေးယူဆောင်ရွက်မှုမပြုပါ။

၄၂။ အမြဲတမ်းဖြစ်တည်မှုတစ်ခုရှိနေသည့် အဖွဲ့များမဟုတ်သည့် စုံညီစည်းဝေးပွဲများ သို့မဟုတ် စုရုံးမှုများမှ အစပြုသည့် တိုင်ကြားချက်များ သို့မဟုတ် တိကျသောအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသောအဖွဲ့များပင်ဖြစ်စေကာ

မှု ၎င်းတို့တွင် ယာယီရပ်တည်မှုတစ်ခုသာရှိသောကြောင့်လည်းကောင်း၊ တိုင်ကြားချက်များတွင် တိုင်ကြားသူများ၏ မည်သည့်လိပ်စာများမှ မပါဝင်သောကြောင့်လည်းကောင်း၊ ၎င်းတို့နှင့်စာအသွားအလာပြုလုပ်ရန် မဖြစ်နိုင်သည့်အတွက်၊ ၎င်းတို့ကို လက်ခံ၍မရပါ။

## တိုင်ကြားသူများနှင့်ဆက်ဆံရေးဆိုင်ရာ စည်းမျဉ်းများ

၄၃။ အလုပ်သမားသမဂ္ဂအခွင့်အရေးများကို တိကျစွာချိုးဖောက်မှုများနှင့် ဆက်စပ်မှုမရှိသည့် တိုင်ကြားချက်များကို ညွှန်ကြားရေးမှူးချုပ်မှ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာကော်မတီသို့ ထင်မြင်ချက်ပေးရန် လွှဲပြောင်းပေးပြီး၊ ကော်မတီက ၎င်းတို့အပေါ်တွင် တစ်စုံတစ်ရာသောအရေးယူဆောင်ရွက်မှုကို ပြုလုပ်သင့်၊ မသင့် ဆုံးဖြတ်သည်။ ထိုအမျိုးအစားကဲ့သို့သော အမှုများတွင်၊ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ကော်မတီတွေ့ဆုံသည်အထိ စောင့်ဆိုင်းနေရန်မလိုအပ်ဘဲ၊ တိုင်ကြားသည့်အဖွဲ့အစည်းသို့ တိုက်ရိုက်ဆက်သွယ်၍ ကော်မတီ၏ လုပ်ပိုင်ခွင့်သည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့်သက်ဆိုင်သော မေးခွန်းများကိုသာ ကိုင်တွယ်ဖြေရှင်းရန်သာ ခွင့်ပြုထားကြောင်း ၎င်းတို့ကိုအကြောင်းကြားနိုင်ပြီး၊ ထိုဆက်သွယ်မှုတွင်၊ ကော်မတီမှ စစ်ဆေးစေလိုသည့် ၎င်းဆန္ဒရှိသောသီးခြားအချက်အလက်များကို သတ်မှတ်ပေးရန် တောင်းဆိုနိုင်သည်။

၄၄။ ညွှန်ကြားရေးမှူးချုပ်သည်၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းကို ချိုးဖောက်သည့် သီးသန့်အမှုများနှင့် သက်ဆိုင်သည့် တိုင်ကြားချက်အသစ်တစ်ခုကို၊ တိုင်ကြားသည့်အဖွဲ့အစည်းမှတိုက်ရိုက်ဖြစ်စေ သို့မဟုတ် ကုလ သမဂ္ဂမှတစ်ဆင့်ဖြစ်စေ လက်ခံရရှိသည့်အခါ၊ တိုင်ကြားချက်အပေါ် အထောက်အထားခိုင်လုံမှုအတွက် ၎င်းအနေဖြင့် ထပ်မံဖြည့်ဆည်းရန်ဆန္ဒရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ၎င်းထံသို့ တစ်လအတွင်း ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း တိုင်ကြားသည့်အဖွဲ့အစည်းကို အကြောင်းကြားသည်။ အထောက်အကူပြုသည့် သတင်းအချက်အလက်သည် အိုင်အယ်လ်အိုသို့ လုပ်ထုံးလုပ်နည်းများတွင် ထောက်ပံ့ပေးထားသည့် တစ်လကာလကုန်ဆုံး၍ကျော်လွန်ပြီးမှ ပေးပို့သည့်အဖြစ်အပျက်တွင်၊ ဤသတင်းအချက်အလက်၌ သက်သေအထောက်အထားအသစ်ပါဝင်မှုရှိမရှိနှင့် ၎င်းကိုတိုင်ကြားသူအနေဖြင့် သတ်မှတ်ထားသည့်ကာလအတွင်း သက်သေပြနိုင်မှုအခြေအနေတစ်ခု ရှိလိမ့်မည်မဟုတ်ကြောင်း ကော်မတီမှ ဆုံးဖြတ်ရန်ဖြစ်သည် – ကော်မတီက ထိုကဲ့သို့မဟုတ်ဟု ယူဆသည့်အဖြစ်အပျက်တွင်၊ မေးခွန်းထုတ်ထားသော သတင်းအချက်အလက်များကို လက်ခံ၍မရဟု မှတ်ယူသည်။ အခြားတစ်ဖက်၌၊ ညွှန်ကြားရေးမှူးချုပ်၏ တိုင်ကြားချက်၏ လက်ခံရရှိမှုကို အသိအမှတ်ပြုသည့် ရက်စွဲမှ တစ်လကာလအတွင်း၊ တိုင်ကြားသူသည် တိုင်ကြားချက်တစ်ခု၏ အထောက်အထားခိုင်လုံမှုအတွက် လိုအပ်သောသတင်းအချက်အလက်များကို ဖြည့်ဆည်းပေးမှုမပြုခဲ့လျှင် (၎င်းသည် လုံလောက်သော အထောက်အထားခိုင်လုံမှုမရှိဟု ထင်ရသောကိစ္စတွင်)၊ ကိစ္စရပ်ပေါ်၌ဆက်လက်၍ တစ်စုံတစ်ရာဆောင်ရွက်မှုပြုရန် သင့်မသင့်ကို ကော်မတီမှ ဆုံးဖြတ်ရန်ဖြစ်သည်။

၄၅။ သီးခြားအဖွဲ့အစည်းများမှ ထပ်တူဖြစ်သောတိုင်ကြားချက်တစ်ခု၏ မိတ္တူအများအပြားကိုလက်ခံရရှိသော အမှုများတွင်၊ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် သီးခြားတိုင်ကြားသူတစ်ဦးစီအား ထပ်ဆောင်းသတင်းအချက်အလက်များဖြည့်ဆည်းပေးရန်အတွက် တောင်းခံရန်မလိုအပ်ပါ -- ဤတွင်ပုံမှန်အားဖြင့် ညွှန်ကြားရေးမှူးချုပ်အတွက်၊ ယင်းသည် အကယ်၍ သီးခြားကိစ္စ၏ တစ်စုံတစ်ရာအထူးအခြေအနေများကြောင့် အကြောင်းခိုင်လုံမှုရှိသည်ဟု ပေါ်လွင်ပါက၊ ထိုအချင်းအရာသည် တစ်ခုထက်ပိုသော ဆိုခဲ့သည့်အဖွဲ့များနှင့်ဆက်သွယ်ခြင်းမှ ညွှန်ကြားရေးမှူးချုပ်ကို ပိတ်ပင်မှုမရှိကြောင်း နားလည်သည့်အားလျော်စွာ၊ အဖွဲ့များမှ တင်ပြသည့်ထပ်တူတိုင်ကြားချက်၏ မိတ္တူများကိုပိုင်ဆိုင်သည့်နိုင်ငံတွင်ရှိသည့် ဗဟိုအဖွဲ့အစည်းထံ၊ သို့မဟုတ်၊ အခြေအနေများက ဤသို့ပြုလုပ်ရန်

လက်တွေ့မဖြစ်နိုင်ပါက၊ ပထမဦးဆုံးမိတ္တူလက်ခံရရှိသည့် စာရေးသားသူသို့ လိပ်မူ၍တောင်းခံလျှင် လုံလောက်သည်။ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာအစိုးရသို့ ပထမဆုံးလက်ခံရရှိသည့် မိတ္တူကို ဆက်သွယ်ပေးပို့သည်၊ သို့သော် ထပ်တူဖြစ်သောတိုင်ကြားချက်များ၏ မိတ္တူများကိုတင်ပြသည့် အခြားတိုင်ကြားသူများ၏ အမည်များကိုလည်း အစိုးရထံ အကြောင်းကြားသည်။

၄၆။ တိုင်ကြားချက်တစ်ခုသည် သက်ဆိုင်ရာအစိုးရထံသို့ ဆက်သွယ်ပြီးပါက၊ သက်ဆိုင်ရာအစိုးရသည် ၎င်း၏ လေ့လာတွေ့ရှိချက်များကိုတင်ပြလိုက်သည့်အခါ၌၊ တိုင်ကြားချက်တွင်ပါဝင်သည့် ထုတ်ပြန်ချက်များနှင့် အစိုးရ၏ လေ့လာတွေ့ရှိချက်များသည်၊ တရားဝင်သည့်သက်သေအထောက်အထားမပါဝင်ဘဲ၊ တစ်ခုမှတစ်ခုအပေါ် ပယ်ဖျက်လိုက်ရုံသာဖြစ်ခြင်းသည်၊ ကော်မတီအတွက် အသိအမြင်ပေးသည့် ထင်မြင်ချက်တစ်ခုကို ရောက်ရှိရန် မဖြစ်နိုင်သည့်အခါတွင်၊ ကော်မတီသည် နောက်ထပ်ထင်ရှားအောင် ရှင်းလင်းမှုအတွက် လိုအပ်သည့်တိုင်ကြားချက်၏ သတ်မှတ်စည်းကမ်းများနှင့် သက်ဆိုင်သောမေးခွန်းများနှင့် ပတ်သက်၍ တိုင်ကြားသူထံမှ စာဖြင့်ပေးပို့သော နောက်ထပ်သတင်းအချက်အလက်များကိုတောင်းခံရန် တရားဝင်ခွင့်ပြုထားသည်။ ယင်းကဲ့သို့သော ကိစ္စများတွင်၊ တစ်ဖက်၌၊ သက်ဆိုင်ရာအစိုးရသည်၊ တရားပြိုင်အနေဖြင့်၊ တိုင်ကြားသူများကပြုလုပ်နိုင်သည့် မည်သည့်ထပ်ဆင့်မှတ်ချက်များကိုမဆို ၎င်း၏ အလှည့်တွင် အကြောင်းပြန်ရန် အခွင့်အရေးတစ်ခုရရှိလိမ့်မည်ဖြစ်ကြောင်းနှင့်၊ အခြားတစ်ဖက်တွင်မူ၊ ဤနည်းလမ်းကို ကိစ္စရပ်အားလုံးတွင် အလိုအလျောက်လိုက်နာဆောင်ရွက်မည်မဟုတ်ဘဲ၊ တိုင်ကြားသူများအား ထိုသို့သောတောင်းဆိုချက်တစ်ခုသည် အချက်အလက်များကို အတည်ပြုရာတွင် အထောက်အကူပြုမည်ဟု ထင်ရသည့်ကိစ္စများတွင်သာ လိုက်နာမည်ဖြစ်ကြောင်း၊ သဘောပေါက်ထားပြီး ဖြစ်သည်။

၄၇။ ရှေ့စာပိုဒ်တွင်ဖော်ပြထားသည့် အခြေအနေနှစ်ရပ်ပေါ်တွင်မူတည်၍၊ ကော်မတီသည်၊ ဆီလျော်သည့် အမှုများတွင်၊ အစိုးရ၏လေ့လာတွေ့ရှိချက်များ၏အနှစ်သာရကို တိုင်ကြားသူများအား အကြောင်းကြား နိုင်သည့်အပြင်၊ ထိုအပေါ် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ပေးထားသည့်ကာလတစ်ခုအတွင်း၌ တင်သွင်းရန် ၎င်းတို့ကို ဖိတ်ကြားနိုင်သည်။ ၎င်းအပြင်၊ ညွှန်ကြားရေးမှူးချုပ်သည်၊ သက်ဆိုင်ရာအစိုးရကပေးပို့သော လေ့လာတွေ့ရှိချက်များအပေါ်၊ တိုင်ကြားချက်များနှင့် ပတ်သက်သည့်ကိစ္စရပ်များတွင် တိုင်ကြားသူများထံမှ နောက်ထပ်သတင်းအချက်အလက်များ သို့မဟုတ် မှတ်ချက်များအားလိုအပ်ကြောင်း သေချာအောင် လေ့လာစိစစ်နိုင်ပြီး၊ အကယ်၍လိုအပ်ပါက၊ ကော်မတီ၏ အမည်ဖြင့်၊ ၎င်း၏နောက်တစ်ကြိမ်အစည်းအဝေးကို မစောင့်ဆိုင်းဘဲ၊ တိုင်ကြားသူများထံ တိုက်ရိုက်စာဖြင့်ရေးသားနိုင်၍၊ အစိုးရ၏ လေ့လာတွေ့ရှိချက်များ၏ ရယူလိုသည့် သတင်းအချက်အလက် သို့မဟုတ် မှတ်ချက်များကိုပေးထားသည့် ရက်စွဲမတိုင်မီ တောင်းခံနိုင်ပြီး၊ ရှေ့စာပိုဒ်တွင် ထောက်ပြခဲ့သည့်အတိုင်း အစိုးရ၏ အကြောင်းပြန်ရန်အခွင့်အရေးကို အလေးထားမှုရှိရမည်ဖြစ်သည်။

၄၈။ လုပ်ထုံးလုပ်နည်းတွင် အဓိကအဆင့်များကို တိုင်ကြားသူအား မှန်မှန်သတင်းရရှိနေရန်အတွက်၊ တိုင်ကြားချက်ကို ကော်မတီ၏ရှေ့မှောက်သို့ တင်သွင်းကြောင်းနှင့်၊ အကယ်၍ ကော်မတီသည် ကောက်ချက်တစ်ခုချသည့် အဆင့်ထိမရောက်ခဲ့ဟု ၎င်း၏ အစီရင်ခံစာတွင် ပေါ်ပေါက်နေပါက၊ အစိုးရမှ အကြောင်းပြန်ကြားချက်တစ်စုံတစ်ရာမရှိသည့်အတွက် အမှုကိုသင့်လျော်သော စစ်ဆေးမှုအဖြစ်မှရွှေ့ဆိုင်းထားကြောင်း သို့မဟုတ် ကော်မတီမှ အချို့သော ထပ်ဆင့်သတင်းအချက်အလက်များအတွက် အစိုးရကို တောင်းဆိုထားကြောင်း၊ ကော်မတီ အစည်းအဝေးတစ်ခု ပြုလုပ်ပြီးသည့်အခါတိုင်းတွင် တိုင်ကြားသူကို အကြောင်းကြားသည်။

## ညွှန်းဆို ပြဋ္ဌာန်းချက်

၄၉။ တိုင်ကြားမှုများကို စစ်ဆေးခြင်းအတွက် လုပ်ထုံးလုပ်နည်းတွင် အချိန်ကာလအတိအကျ သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက် တရားဝင်စည်းမျဉ်းများ ပါဝင်ဖွဲ့စည်းထားမှုမရှိစဉ်တွင်၊ အချိန်ကြာမြင့်စွာက ဖြစ်ပွားခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်သော စွပ်စွဲချက်များကို အသေးစိတ်အကြောင်းပြန်ကြားရန် အစိုးရတစ်ခုအတွက် – အကယ်၍ဖြစ်နိုင်မှုမရှိခြင်း မဟုတ်လျှင်ပင် – ၎င်းသည်ခက်ခဲနိုင်သည်။

## တိုင်ကြားချက်များကိုရုတ်သိမ်းခြင်း

၅၀။ ကော်မတီအနေဖြင့် ၎င်းသို့တင်သွင်းထားသည့် တိုင်ကြားချက်တစ်ခုကို ပြန်လည်ရုတ်သိမ်းရန်အတွက် တောင်းဆိုချက် တစ်ခုနှင့်ရင်ဆိုင်ရသည့်အခါ၊ ၎င်းသည်၊ ဤတိုင်ကြားချက်ကို ပြန်လည်ရုတ်သိမ်းရန် တိုင်ကြားချက် တစ်ခုတင်သွင်းခဲ့သောအဖွဲ့အစည်းတစ်ခုမှဖော်ပြခဲ့သောဆန္ဒသည်အဖြစ်အပျက်အလုံးစုံကိုထည့်သွင်းစဉ်းစား သင့်သည့် အခြေခံအချက်တစ်ခု ပါဝင်သည်ဟု အစဉ်အမြဲယူဆသည်၊ သို့သော် ၎င်းသက်သက်ဖြင့် ကော်မတီမှ အမှုကို နောက်ထပ်ဆက်လက်ဆောင်ရွက်ခြင်းကို အလိုအလျောက်ရပ်စဲရန်အတွက် မလုံလောက်ပါ။ ယင်းကဲ့သို့သော အမှုများတွင်၊ တိုင်ကြားမှုတစ်ခုကိုပြန်လည်ရုတ်သိမ်းခြင်းအတွက် အဆိုပြုသည့်အကြောင်းရင်းများကို ရှင်းပြရန် လွတ်လပ်မှုအပြည့်အဝဖြင့် အကဲဖြတ်ရမည့်လုပ်ပိုင်ခွင့်သည် ၎င်း၌သာ ရှိသည်ဟုကော်မတီမှဆုံးဖြတ်ခဲ့ပြီး၊ ရုတ်သိမ်းခြင်းကို လွတ်လပ်မှုအပြည့်အဝဖြင့် ပြုလုပ်ထားသည်ဟု ကောက်ချက်ချနိုင်စေရန်အတွက် ၎င်းတို့သည် လုံလောက်သောယုတ္တိတန်မှုရှိကြောင်းကို ကြိုးစား၍တည်ဆောက်ရန်ဖြစ်သည်။ ဤဆက်သွယ်မှုတွင်၊ အဖွဲ့အစည်းမှ တိုင်ကြားချက်တစ်ခုကို ပြန်လည်ရုတ်သိမ်းခြင်းကြောင့် ယင်းတိုင်ကြားချက်သည် ရည်ရွယ်ချက်မဲ့ဖြစ်သွား၍ ဟူသည့်ရလဒ်ကြောင့်မဟုတ်ဘဲ၊ အစိုးရမှတိုင်ကြားသူများအပေါ် ဖိအားပေးနေမှု၊ ဤ ပြန်လည် ရုတ်သိမ်းခြင်းကို ၎င်းတို့သဘောမတူပါက တိုင်ကြားသူအား ပိုမိုဆိုးဝါးသောအခြေအနေ ဖန်တီးမှုဖြင့် ခြိမ်းခြောက်ခံရခြင်းကြောင့်ဖြစ်နိုင်သည့်အမှုများရှိနိုင်သည်ဟု ကော်မတီမှ သတိပြုခဲ့သည်။

## သက်ဆိုင်ရာအစိုးရများနှင့် ဆက်ဆံရေးများနှင့်ပတ်သက်သည့်စည်းမျဉ်းများ

၅၁။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခြင်းအားဖြင့်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ပြဋ္ဌာန်းချက်များ အထက်တွင် ထုံးတမ်းစဉ်လာစည်းမျဉ်းများဖြစ်လာခဲ့သော လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း၏ ဥပဒေသ များအပါအဝင် ဥပဒေသအရေအတွက်အချို့ကို လေးစားမှုရှိရသည်။ (အဆုံးသတ်မှတ်စု ၁၀)[x]

၅၂။ အကယ်၍မူရင်းတိုင်ကြားချက်သို့မဟုတ် တိုင်ကြားချက်ကို အသိအမှတ်ပြု၍တုံ့ပြန်သည့် နောက်ထပ်မည်သည့် သတင်းအချက်အလက်ကိုမဆို အထောက်အထားခိုင်လုံစွာရရှိခဲ့ပါက၊ တိုင်ကြားချက်နှင့် ယင်းကဲ့သို့သော နောက်ထပ်မည်သည့်သတင်းအချက်အလက်ကိုမဆိုညွှန်ကြားရေးမှူးချုပ်မှသက်ဆိုင်ရာအစိုးရသို့စောနိုင်သမျှ စော၍ ဆက်သွယ်သည် – တစ်ချိန်တည်းမှာပင် ကော်မတီ၏နောက်တစ်ကြိမ်အစည်းအဝေး ရက်စွဲကို ဂရုပြုပြီး ရက်ကြိုတင်သတ်မှတ်၍ပြုလုပ်သည့် မည်သည့်လေ့လာတွေ့ရှိချက်များကိုမဆို၊ ပေးထားသည့်ရက်စွဲတစ်ခု မတိုင်မီ ညွှန်ကြားရေးမှူးချုပ်သို့ ဆက်လက်ပေးပို့ရန် အစိုးရအားတောင်းဆိုသည်။ စွပ်စွဲချက်များအား အစိုးရများထံသို့ဆက်သွယ်သည့်အခါ၊ ကော်မတီအနေဖြင့် စွပ်စွဲချက်များနှင့် ဆက်စပ်နေသောအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ဖြစ်နိုင်သမျှမြန်မြန် အမှုများကိုစစ်ဆေးရန်အနေအထားတစ်ခုတွင် ရှိနိုင်ရန်အတွက်၊ ညွှန်ကြားရေးမှူးချုပ်သည်၊ အုပ်ချုပ်ရေးအဖွဲ့က သတ်မှတ်ထားသည့်ကာလအတွင်း အစိုးရများ၏ ပြန်ကြားချက်များကို

လက်ခံရရှိခြင်းအပေါ် အလေးထားကြောင်း ၎င်းတို့အား အာရုံစိုက်ရန် လုပ်ဆောင်သည်။ အကယ်၍ ညွှန်ကြား ရေးမှူးချုပ်သည်၊ သက်ဆိုင်ရာ အစိုးရထံသို့ ၎င်း၏ လေ့လာတွေ့ရှိမှုအတွက် ဆက်သွယ်မှုပြုခြင်းအား မှန်ကန်မှုရှိစေခြင်းအလို့ငှာ တိုင်ကြားချက်တစ်ခုသည် လုံလောက်သော အထောက်အထားရှိကြောင်း ယူဆနိုင်မှုရှိမရှိကို ဆုံးဖြတ်ရန်အခက်အခဲ တစ်စုံတစ်ရာရှိပါက၊ ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်တစ်ခုမချမှတ်မီ ကော်မတီနှင့် တိုင်ပင်ရန် ၎င်းအတွက် လမ်းဖွင့်ထားသည်။

၅၃။ စွပ်စွဲချက်များသည် သီးခြားလုပ်ငန်းများနှင့်စပ်ဆိုင်သည့်အမှုများတွင်၊ သို့မဟုတ် ဆီလျော်သည့်အမှုများတွင်၊ စွပ်စွဲချက်များကို အစိုးရထံသို့ဆက်သွယ်သည့်စာတွင် တတ်နိုင်သမျှပြည့်စုံသောအကြောင်းပြန်ကြားမှုတစ်ခုကို ကော်မတီသို့ ပေးနိုင်ရန်အတွက်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အသင်းအဖွဲ့များထံမှ အမြင်များကိုရယူရန် တောင်းဆိုထားသည်။ သို့ရာတွင်၊ ထိုလုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို အသုံးချခြင်းသည် လက်တွေ့တွင် အစိုးရများထံ အရေးတကြီးအယူခံဝင်မှုများအတွက် အကူအညီတောင်းခံ ခြင်း၌လည်းကောင်း၊ ကိစ္စရပ်များကို စစ်ဆေး ရာ၌လည်းကောင်း နှောင့်နှေးမှုရလဒ် မဖြစ်စေသင့်ပါ။

၅၄။ ဦးစားပေးတစ်ခုအဖြစ် ကိုင်တွယ်ရမည့်အပေါ်အခြေခံသည့် အရေးကြီးသည့်အမှုများနှင့် အနည်းငယ်အရေးကြီးသည့်အမှုများအကြား ခွဲခြားချက်တစ်ခုသတ်မှတ်ထားသည်။ လူ့အသက် သို့မဟုတ် ကိုယ်ရေးကိုယ်တာလွတ်လပ်မှုပါဝင်သောကိစ္စရပ်များ၊ သို့မဟုတ် အလုပ်သမားသမဂ္ဂလှုပ်ရှားမှုတစ်ခုလုံး၏ လွတ်လပ်စွာဆောင်ရွက်မှုကို ထိခိုက်စေသောအသစ် သို့မဟုတ် ပြောင်းလဲနေသောအခြေအနေများ၊ စဉ်အဆက်မပြတ်အရေးပေါ်အခြေအနေတစ်ခုမှပေါ်ပေါက်လာသည့် အမှုများနှင့် အဖွဲ့အစည်းတစ်ခုကို ဖျက်သိမ်းခြင်းနှင့်ပတ်သက်သည့်အမှုများကို၊ အလျင်လိုသည့်အရေးတကြီးအမှုများအဖြစ်သဘောထားသည်။ အုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံစာတစ်စောင် တင်သွင်းထားပြီးသော အမှုများကိုလည်း ဦးစားပေးအနေဖြင့် အရေးယူဆောင်ရွက်ပေးသည်။

၅၅။ အမှုအားလုံးတွင်၊ အကယ်၍ သက်ဆိုင်ရာအစိုးရထံမှ ပထမဦးဆုံးအကြောင်းပြန်ကြားချက်သည် အလွန်ယေဘုယျဆန်သော ဝိသေသတစ်ခုဖြစ်နေပါက၊ ကော်မတီသည်၊ လိုအပ်သော ထပ်ဆောင်းသတင်းအချက်အလက်များကို ၎င်းမှသင့်တော်သည်ဟု ယူဆသည့်အခါသမယများအတိုင်း အစိုးရထံမှရယူပေးရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ တောင်းဆိုသည်။

၅၆။ ညွှန်ကြားရေးမှူးချုပ်အား၊ အမှုတစ်ခု၏အနှစ်သာရကို လေ့လာစိစစ်ခြင်းမပြုဘဲလျှက်၊ တိုင်ကြားချက်တစ်ခု၏ အကြောင်းအရာကိစ္စရပ်အပေါ် အစိုးရများ၏လေ့လာတွေ့ရှိမှုများ သို့မဟုတ် နောက်ထပ်သတင်းအချက်အလက်များအတွက် တောင်းဆိုမှုများသို့ အစိုးရများ၏ ဖြေကြားချက်များသည် ကော်မတီအတွက် တိုင်ကြားချက်ကိုစစ်ဆေးရန် လုံလောက်မှုရှိမရှိနှင့်၊ အကယ်၍ ထိုသို့မဟုတ်ပါက၊ ကော်မတီအမည်ဖြင့် သက်ဆိုင်ရာအစိုးရထံသို့၊ တိုက်ရိုက်စာရေးသားရန်နှင့်၊ ၎င်း၏နောက်တစ်ကြိမ်ကျင်းပ မည့်အစည်းအဝေးကိုမစောင့်ဆိုင်းဘဲ၊ ကော်မတီ သို့မဟုတ် တိုင်ကြားသူက ဖော်ထုတ်ခဲ့သည့်အချက်အလက်များအပေါ် ၎င်းအနေဖြင့် ပိုမိုတိကျသောသတင်းအချက်အလက်များကို ဖြည့်ဆည်းပေးပါက နှစ်လိုဖွယ်ဖြစ်လိမ့်ဖြစ်ကြောင်း ၎င်းထံသို့ အကြောင်းကြားရန် နောက်ထပ်လုပ်ပိုင်ခွင့်အာဏာပေးထားသည်။

၅၇။ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ချိုးဖောက်မှုများကိုစွပ်စွဲမှုများအား စစ်ဆေးရန် အိုင်အယ်လ်အိုတွင် ဖွဲ့စည်းထားသည့်လုပ်ထုံးလုပ်နည်းတစ်ခုလုံး၏ ရည်ရွယ်ချက်သည် ဥပဒေအရနှင့် အမှန်တကယ်တွင် အလုပ်သမားသမဂ္ဂအခွင့်အရေးများအား လေးစားမှုကို မြှင့်တင်ရန်ဖြစ်သည်။ အကယ်၍လုပ်ထုံးလုပ်နည်းသည် အကျိုးသင့်အကြောင်းသင့်မရှိသော စွပ်စွဲချက်များမှ အစိုးရများအား ကာကွယ်ပေးမည်ဆိုလျှင်၊ အစိုးရများဘက်မှလည်း ၎င်းတို့အပေါ်စွပ်စွဲချက်များကို အသေးစိတ်ဖြေကြားမှုများနှင့် ဓမ္မဓိဋ္ဌာန်ကျသော စစ်ဆေးမှုများခွင့်ပြု

ရန် ဖော်ထုတ်ရာ၌ ၎င်းတို့၏ ဂုဏ်သိက္ခာအတွက် အရေးကြီးကြောင်းကို အသိအမှတ်ပြုသင့်သည်။ ကော်မတီအနေဖြင့်၊ ၎င်းကိုတင်ပြခဲ့သည့် အမှုများအားလုံးတွင် ပထမဖွဲ့စည်းခဲ့စဉ်ကတည်းက၊ တိုင်ကြားချက်များ ပြုလုပ်ခံရသည့် အစိုးရများမှ ဖြေကြားချက်များသည် အထွေထွေလေ့လာတွေ့ရှိချက်များအဖြစ်သာ ကန့်သတ်မထားသင့်ကြောင်း ၎င်းသည်အစဉ်အမြဲဆင်ခြင်စဉ်းစားခဲ့သည်ကို၊ အလေးထားလိုသည်။

၅၈။ အစိုးရများက ၎င်းတို့ကို ဆက်သွယ်ထားသည့်တိုင်ကြားချက်များအပေါ် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များ၊ သို့မဟုတ် ၎င်းတို့ကို တောင်းဆိုခဲ့သော နောက်ထပ်သတင်းအချက်အလက်များကို ပေးပို့ရန်နှောင့်နှေးနေသည့် အမှုများတွင်၊ အမှု၏ အရေးကြီးမှု အတိုင်းအတာနှင့် ပါဝင်ပတ်သက်သောမေးခွန်းများအပေါ်မူတည်၍ ကွဲပြားခြားနားမှုအလိုက်၊ထိုက်သင့်သောအချိန်တစ်ခုကုန်လွန်သွားပြီးနောက်၊ကော်မတီသည်ဤအစိုးရများကို၎င်း၏ အစီရင်ခံစာများ၏ အထူးနိဒါန်းစာပုဒ်တစ်ခုတွင် ဖော်ပြသည်။ ယင်းစာပုဒ်တွင်၊ သက်ဆိုင်ရာ အစိုးရများထံ အရေးတကြီးတောင်းခံမှုတစ်ခုပါဝင်ပြီး၊ ထို့နောက်ဖြစ်နိုင်သမျှအမြန်ဆုံး၊ အထူးဆက်သွယ်မှုများကို ကော်မတီ၏ကိုယ်စား ညွှန်ကြားရေးမှူးချုပ်မှ ထိုအစိုးရများထံသို့ ပေးပို့သည်။

၅၉။ မေးခွန်းမေးထားသည့်အစိုးရများထံမှ စောင့်မျှော်ခဲ့သောသတင်းအချက်အလက်များကိုလက်ခံရရှိခြင်းမရှိသေးသော်ငြားလည်း၊ ကော်မတီသည် ၎င်း၏ နောက်လာမည့်အစည်းအဝေးတွင် ထိုကိစ္စရပ်၏ အနှစ်သာရအပေါ် အစီရင်ခံစာတစ်စောင် တင်သွင်းနိုင်ကြောင်း၊ ထိုအစိုးရများအား သတိပေးထားသည်။

၆၀။ အစိုးရများသည်ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေသည့်၊ သို့မဟုတ် အချို့အခက်အခဲများ ဆက်လက်ရှိနေသည့် အမှုများကို၊ ကော်မတီ၏ အစီရင်ခံစာ၏ နိဒါန်း၏ အထူးစာပုဒ်တစ်ခုတွင် ဖော်ပြထားသည်။ ထို့နောက်၊ ကော်မတီဥက္ကဋ္ဌသည်၊ ကော်မတီ၏ကိုယ်စား၊ အုပ်ချုပ်ရေးအဖွဲ့၏အစည်းအဝေး သို့မဟုတ် အပြည်ပြည်ဆိုင်ရာအလုပ်သမား ညီလာခံတက်ရောက်နေသည့်၎င်းတို့၏ ကိုယ်စားလှယ်များနှင့် အဆက်အသွယ်ပြုလုပ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာအစိုးရများသည်၊ ချက်ချင်းအကြောင်းကြားခံရသည်။ ဥက္ကဋ္ဌသည် ပါဝင်ပတ်သက်နေသောအမှုများနှင့်၊ သင့်လျော်ပါက၊ အခက်အခဲများ၏ ပြင်းထန်မှုအပေါ် အာရုံစိုက်စေမည်ဖြစ်ပြီး၊ ကော်မတီက တောင်းဆိုထားသော လေ့လာတွေ့ရှိချက်များကို လွှဲပြောင်းပေးပို့ရာတွင် နှောင့်နှေးရသည့်အကြောင်းရင်းများကို ၎င်းတို့နှင့်ဆွေးနွေးပြီး အခြေအနေကိုပြုပြင်ရန် နည်းအမျိုးမျိုးကို ဆန်းစစ်မည်ဖြစ်သည်။ ထို့နောက် ဥက္ကဋ္ဌသည် ယင်းကဲ့သို့သောဆက်သွယ်မှုများ၏ရလဒ်ကို ကော်မတီသို့ အစီရင်ခံသည်။

၆၁။ ဖြေကြားချက်များမဖြစ်ပေါ်လာတော့မည့် သင့်လျော်သည့်အမှုများတွင်၊ အိုင်အယ်လ်အိုပြင်ပရုံးများသည်၊ ၎င်းတို့ထံမှ တောင်းဆိုထားသည့်သတင်းအချက်အလက်များကိုရယူနိုင်ရန်အလို့ငှာ၊အမှုကိုစစ်ဆေးနေသည့်အချိန်အတွင်း သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့၏ သဘောတူခွင့်ပြုခဲ့သော၊ ကော်မတီ၏ အကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်မှုနှင့်ဆက်နွယ်၍၊ အစိုးရများထံချဉ်းကပ်နိုင်သည်။ ရည်မှန်းချက်ကို အာရုံစိုက်၍၊ အိုင်အယ်လ်အိုပြင်ပရုံးများကို၊ ၎င်းတို့၏ သီးသန့်နယ်မြေနှင့် စပ်ဆိုင်သောတိုင်ကြားမှုများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များပေးပို့ခဲ့ပြီး၊ ၎င်းတို့၏ လေ့လာတွေ့ရှိမှုများ သို့မဟုတ် သတင်းအချက်အလက်များကို ပေးပို့ခြင်း၏အရေးကြီးမှုအား ၎င်းတို့အာရုံစိုက်မှုကို ဆွဲဆောင်ရန်အတွက်၊ ၎င်းတို့၏ ဖြေကြားချက်များကိုပေးပို့ရာတွင် နှောင့်နှေးနေသောအစိုးရများထံ ချဉ်းကပ်ရန် တောင်းဆိုသည်။

၆၂။ ပါဝင်ပတ်သက်နေသည့်အစိုးရများသည် ပူးပေါင်းဆောင်ရွက်လိုစိတ်မရှိကြောင်း ထင်ရှားပေါ်လွင်နေသည့် အမှုများတွင်၊ထူးခြားသောဆောင်ရွက်မှုတစ်ခုအနေဖြင့်၊စွပ်စွဲချက်များ၊အုပ်ချုပ်ရေးအဖွဲ့၏အကြံပြုတိုက်တွန်းချက်များနှင့် သက်ဆိုင်ရာအစိုးရများ၏ အပြုသဘောမဆောင်သည့် ခံယူချက်သဘောထားကို ကျယ်ပြန့်စွာအာရုံစိုက်မှုရအောင်ပြုရန် ကော်မတီအနေဖြင့် ထောက်ခံမှုပေးနိုင်သည်။

၆၃။ စွပ်စွဲထားသော အလုပ်သမားသမဂ္ဂအခွင့်အရေးများ ကျင့်ကြံအားထုတ်မှုကို ချိုးဖောက်မှုများ၏တိုင်ကြားချက်များကို စစ်ဆေးခြင်းအတွက် လုပ်ထုံးလုပ်နည်းတွင် အိုင်အယ်လ်အို၏ အဖွဲ့ဝင်နိုင်ငံများအပေါ် တိုင်ကြားချက်များ၏ စစ်ဆေးမှုအတွက် ပြဋ္ဌာန်းထားသည်။ နိုင်ငံသစ်တစ်ခုတည်ထောင်ပြီးသည့်နောက် အိုင်အယ်လ်အိုအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သောနိုင်ငံတွင် ကနဦးတိုင်ကြားချက်၏ တင်ပြချက်ကိုဖြစ်ပေါ်စေခဲ့သော အဖြစ်အပျက်များ၏ အကျိုးဆက်များအားဆက်လက်၍ဖြစ်ပေါ်စေရန်အတွက် ဖြစ်နိုင်ခြေမှာ ထင်ရှားသော်လည်း၊ ယင်းကဲ့သို့သော အမှုတစ်ခုဖြစ်ပေါ်လာပါက၊ နိုင်ငံအသစ်နှင့်စပ်လျဉ်း၍ အလုပ်သမားသမဂ္ဂအခွင့်အရေးများ ကျင့်ကြံအားထုတ်မှုကို ချိုးဖောက်မှုများနှင့်စပ်ဆိုင်သည့် တိုင်ကြားချက်များကို စစ်ဆေးမှုအတွက်၊ တိုင်ကြားသူများအနေဖြင့်၊ ဖွဲ့စည်းထားသော လုပ်ထုံးလုပ်နည်းများကိုအားကိုးအားထားပြုနိုင်ရမည်ဖြစ်သည်။

၆၄။ နိုင်ငံတစ်ခုတည်း၏ အစိုးရအဆက်ဆက်များအကြား မပြတ်သောကွင်းဆက်တစ်ခုရှိနေပြီး ၊ အစိုးရတစ်ခုသည် ယခင်အစိုးရ တစ်ခုလက်ထက်တွင် ဖြစ်ပွားခဲ့သောအဖြစ်အပျက်များအတွက် အရေးယူ၍မရနိုင်သော်လည်း၊ ၎င်းအာဏာရရှိပြီးသည့်နောက်၊ ထိုအဖြစ်အပျက်များကြောင့် ဆက်လက်ဖြစ်ပွားသည့် မည်သည့်အကျိုးဆက်များအတွက်မဆို တာဝန်ရှိသည်မှာ ထင်ရှားသည်။

၆၅။ နိုင်ငံတစ်ခုတွင်အစိုးရအပြောင်းအလဲတစ်ခုဖြစ်ပွားခဲ့သည့်အခါ၊ တိုင်ကြားမှုကိုအခြေခံထားသည့်အဖြစ်အပျက်များသည် ၎င်း၏အာဏာရရှိကတည်းကရှိနိုင်ခဲ့သည်ဖြစ်သောကြောင့်၊ ထိုအဖြစ်အပျက်များသည် ၎င်း၏ရှေ့မှ တာဝန်ယူသွားသူလက်ထက်တွင် ဖြစ်ပွားခဲ့သော်လည်း၊ အစိုးရအသစ်သည် ဆက်လက်ဖြစ်ပွားနေသော အကျိုးသက်ရောက်မှုများကို ကုစားရန်လိုအပ်သော အရေးယူဆောင်ရွက်မှုများအားလုံးကို စီစဉ်ဆောင်ရွက်သင့်သည်။

## အမှုများကိုစစ်ဆေးခြင်းအား ရွှေ့ဆိုင်းရန်တောင်းဆိုခြင်းများ

၆၆။ တိုင်ကြားသည့်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာအစိုးရက အမှုများကိုစစ်ဆေးခြင်းအား ရွှေ့ဆိုင်းရန် တောင်းဆိုခြင်းများနှင့်စပ်လျဉ်း၍၊ ကော်မတီကကျင့်သုံးသည့်အလေ့အထတွင် တောင်းဆိုချက်အတွက်ပေးထားသည့် အကြောင်းပြချက်များကို အကဲဖြတ်သည့်အခါ မေးခွန်းကို အပြည့်အဝလွတ်လပ်စွာဆုံးဖြတ်ခြင်းနှင့် အမှု၏ အခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းတို့ ပါဝင်သည်။ (အဆုံးသတ်မှတ်စု ၁၁)[xi]

## ဖြစ်ပွားသည့်နေရာတွင်ဆောင်ရွက်ရမည့်အထူးတာဝန်ထမ်းဆောင်မှုများ

၆၇။ လုပ်ထုံးလုပ်နည်း၏အဆင့်အမျိုးမျိုးတွင်၊ ဥပမာ တိုက်ရိုက်ဆက်သွယ်မှုများအခြေအနေတွင်၊ ရင်ဆိုင်ရသည့် အခက်အခဲများအတွက် အဖြေတစ်ခုရှာဖွေရန် ရည်ရွယ်ချက်ဖြင့်၊ အမှုကိုစစ်ဆေးနေသည့် အချိန်အတွင်း သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့၏ အကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ရမည့်အဆင့်၌၊ အိုင်အယ်လ်အို၏ ကိုယ်စားလှယ်အား သက်ဆိုင်ရာနိုင်ငံသို့ စေလွှတ်နိုင်သည်။ သို့ရာတွင်၊ ယင်းကဲ့သို့သော ဆက်သွယ်မှုများကို၊ သက်ဆိုင်ရာအစိုးရများ၏ ဖိတ်ကြားချက်အရ သို့မဟုတ် အနည်းဆုံး၎င်းတို့၏ သဘောတူညီမှုဖြင့်သာ ပြုလုပ်နိုင်သည်။ ထို့အပြင်၊ အထူးအရေးကြီးသည့် သဘောသဘာဝတစ်ခုကို ချိုးဖောက်မှုများ ပါဝင်သည့် တိုင်ကြားချက်တစ်ခုကို လက်ခံရရှိသည့်အခါ၊ နှင့် ကော်မတီ၏ ဥက္ကဋ္ဌ၏ ကြိုတင်သဘောတူခွင့်ပြုချက်ကို ရရှိထားပြီးနောက်၊ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ထိုသူ၏ လုပ်ပိုင်ခွင့်သည် အောက်ပါရည်ရွယ်ချက်များ အတွက် ပဏာမဆက်သွယ်မှုများကိုဆောင်ရွက်ရန် ကိုယ်စားလှယ်တစ်ဦးကို ခန့်ထားနိုင်သည်။ ဆိုလိုသည်မှာ – နိုင်ငံရှိအခွင့်ရအာဏာပိုင်များသို့ တိုင်ကြားချက်များတွင် ဖော်ပြထားသည့် အဖြစ်အပျက်များမှ ပေါ်ပေါက်

လာသည့် စိုးရိမ်ပူပန်မှုများပေးပို့ရန် – ပါဝင်ပတ်သက်သည့် လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခြင်း၏ ဥပဒေသများအား ထိုအာဏာပိုင်များအား ရှင်းပြရန် – အာဏာပိုင်များထံမှ ၎င်းတို့မှ အစပြုသည့် တုံ့ပြန်မှုနှင့်တကွ တိုင်ကြားချက်တွင်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သည့်ထင်မြင်ယူဆချက်များနှင့် သတင်းအချက်အလက်များကိုမဆိုရယူရန် – အာဏာပိုင်များအား စွပ်စွဲခံရသည့် အလုပ်သမားသမဂ္ဂအခွင့်အရေးများ ချိုးဖောက်မှုများ၏ အမှုများတွင် အထူးလုပ်ထုံးလုပ်နည်းနှင့်၊ အထူးသဖြင့်၊ ကော်မတီနှင့် အုပ်ချုပ်ရေးအဖွဲ့မှ အခြေအနေကို အပြည့်အဝသုံးသပ်မှုတစ်ခုကို လွယ်ကူချောမွေ့စေရန်အလို့ငှာ အစိုးရအနေဖြင့် နောက်ပိုင်းတွင် တောင်းဆိုလာနိုင်သည့် တိုက်ရိုက်ဆက်သွယ်မှု နည်းလမ်းကိုရှင်းပြရန် – တိုင်ကြားချက်အပေါ် အစိုးရ၏ လေ့လာတွေ့ရှိချက်များပါဝင်သည့် အသေးစိတ်အကြောင်းပြန်ကြားချက်တစ်ခုကို တတ်နိုင်သမျှ မြန်မြန်ဆက်သွယ်ရန် အာဏာပိုင်များကို တောင်းဆိုရန်နှင့် တိုက်တွန်းအားပေးရန်။ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်၏ အစီရင်ခံစာကို ကော်မတီသို့ ၎င်း၏ နောက်လာမည့်အစည်းအဝေးတွင် အခြားရရှိနိုင်သည့် သတင်းအချက်အလက်များအားလုံးနှင့်အတူ စဉ်းစားသုံးသပ်ရန် တင်သွင်းသည်။ အိုင်အယ်လ်အိုကိုယ်စားလှယ်သည် အိုင်အယ်လ်အိုအရာရှိတစ်ဦး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်မှ တာဝန်ပေးအပ်သော လွတ်လပ်သောပုဂ္ဂိုလ်တစ်ဦး ဖြစ်နိုင်သည်။ သို့သော်လည်း၊ အိုင်အယ်လ်အို ကိုယ်စားလှယ်၏ လုပ်ငန်းတာဝန်သည် အချက်အလက်များကို သေချာစေရန်နှင့် ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းချက်များကို ဖြစ်ပွားသည့်နေရာတွင် ရှာဖွေရန် အားလုံး၏ အထက်တွင် ရှိသည်ဟု ပြောခြင်းမဟုတ်ပါ။ ကော်မတီနှင့် အုပ်ချုပ်ရေးအဖွဲ့သည် ဤတိုက်ရိုက်ဆက်သွယ်မှုများ၏ ရလဒ်အခြေအနေကို အကဲဖြတ်ရန် အပြည့်အဝလုပ်ပိုင်ခွင့်အာဏာရှိနေဆဲဖြစ်သည်။

၆၈။ ဖြစ်ပွားသည့်နေရာတွင် အထူးလုပ်ငန်းတာဝန်ထမ်းဆောင်ရန်အတွက် တာဝန်ပေးခံရသော ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်သည်၊ ပါဝင်ပတ်သက်နေသောအဖွဲ့အားလုံးနှင့် လွတ်လပ်စွာတွေ့ဆုံနိုင်ခြင်းမရှိပါက၊ ထိုအမှု၏ ကဏ္ဍအားလုံးကို ပြည့်စုံစွာနှင့်ဓမ္မဓိဋ္ဌာန်ကျစွာ သတင်းရရှိမှုရှိမည်မဟုတ်သောကြောင့် ၎င်း၏လုပ်ငန်းတာဝန်ကို သေချာစွာဆောင်ရွက်နိုင်မည် မဟုတ်ပါ။ (အဆုံးသတ်မှတ်စု ၁၂)[xii]

## အဖွဲ့များ၏ကြားနာစစ်ဆေးမှုများ

၆၉။ ကော်မတီသည်၊ ဆီလျော်သောဖြစ်ရပ်များနှင့် အမှု၏အခြေအနေအားလုံးကို ထည့်သွင်းစဉ်းစားပြီးသည့်နောက်၊ ကိစ္စရပ်အပေါ် ပိုမိုပြည့်စုံသည့်သတင်းအချက်အလက်များ ရရှိရန်အလို့ငှာ ၎င်း၏ ကြားနာမှုအစည်းအဝေးများ အတွင်း၌၊ အဖွဲ့များ သို့မဟုတ် ယင်းတို့မှတစ်ဖွဲ့ကို ၎င်းမှကြားနာစစ်ဆေးသင့်သည်၊ မသင့်သည်ကို ဆုံးဖြတ်မည်။ အထူးသဖြင့် ဤသို့ပြုလုပ်နိုင်သည် –

(က) တိုင်ကြားသူများနှင့် အစိုးရများသည် အငြင်းပွားနေသည့်ကိစ္စရပ်၏ အနှစ်သာရအပေါ်၌၊ ဝိရောဓိဖြစ်သည့် ထုတ်ပြန်ချက်များတင်သွင်းသည့်အခါနှင့် ကော်မတီမှ ၎င်းသည်အဖွဲ့များ၏ ကိုယ်စားလှယ်များအတွက် အသုံးဝင်နိုင်သည်ဟု သုံးသပ်ပါက ပိုမိုအသေးစိတ်သည့် သတင်းအချက်အလက်များကို ကော်မတီမှ တောင်းဆိုသည့်အတိုင်း နှုတ်အားဖြင့်ဖြည့်ဆည်းပေးရန် ဆီလျော်သည့်အမှုများတွင် –

(ခ) အချို့အရေးကြီးသည့် ကိစ္စရပ်များပေါ်တွင် ဖြစ်ရပ်မှန်အခြေအနေကို ပိုမိုစုံလင်စွာအသိအမှတ်ပြုရန် နှင့် ပါဝင်ပတ်သက်နေသည့် ပြဿနာများ၏ ဖြေရှင်းနည်းတစ်ခုသို့ ဦးတည်စေနိုင်သည့် အခြေအနေ၏ နောက်ဆုံးတိုးတက်မှုများနှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာဥပဒေသများအပေါ် အခြေခံ၍ ညှိနှိုင်းဖျန်ဖြေခြင်းကို ကြိုးပမ်းရန်၊ တစ်ဖက်၌၊ အတိုင်ခံရသည့် အစိုးရများနှင့်၊ အခြားတစ်ဖက်၌၊

တိုင်ကြားသူများနှင့်၊ အမြင်များဖလှယ်မှုတစ်ခုဖြစ်ရန် အသုံးဝင်နိုင်သည်ဟုကော်မတီမှ ထင်မြင်ယူဆသည့် အမှုများတွင် -

(ဂ) ပါဝင်ပတ်သက်သည့် မေးခွန်းများကိုစစ်ဆေးရာတွင် သို့မဟုတ် ၎င်း၏ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ရာတွင် အထူးအခက်အခဲများပေါ်ပေါက်လာသည့်အခါ၊ နှင့် ၎င်းကိုသက်ဆိုင်ရာ အစိုးရ၏ ကိုယ်စားလှယ်နှင့် ကိစ္စရပ်များကို ဆွေးနွေးရန်သင့်လျော်နိုင်သည်ဟု ကော်မတီက ယူဆသည့် အခြားအမှုများတွင်။

## ကော်မတီ၏အကြံပြုတိုက်တွန်းချက်များကိုလက်တွေ့အကောင်အထည်ဖော်ခြင်း

၇၀။ အုပ်ချုပ်ရေးအဖွဲ့သည် အစိုးရတစ်ခုအား အကြံပြုတိုက်တွန်းချက်များ ပြုလုပ်သင့်ကြောင်း အကြံပြုထားသည့် အမှုများအားလုံးတွင်၊ ကျိုးကြောင်းဆီလျော်သည့် အချိန်ကာလတစ်ခု ကုန်လွန်သွားပြီးနောက်နှင့် အမှု၏အခြေအနေများကို ထည့်သွင်းစဉ်းစားပြီးနောက်၊ ၎င်းကိုပေးထားသည့် အကြံပြုတိုက်တွန်းချက်များပေါ်တွင် မည်သည့်အရေးယူဆောင်ရွက်မှု ပြုလုပ်ထားသည်ကိုဖော်ပြရန်အတွက် သက်ဆိုင်ရာအစိုးရအား ဖိတ်ခေါ်ရန်၊ အဆိုပြုသည့်စာပိုဒ်တစ်ပိုဒ်ကို ကော်မတီသည် ယင်းကဲ့သို့သော အမှုများအပေါ် ၎င်းမှပေးသည့် ကောက်ချက်များတွင် ထပ်မံဖြည့်စွက်သည်။

၇၁။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို အတည်ပြုပြီးသည့် နိုင်ငံများနှင့် မပြုပြီးသည့်နိုင်ငံများအကြား ခွဲခြားမှုတစ်ခုကိုပြုလုပ်သည်။

၇၂။ ပထမအမှု (အတည်ပြုခဲ့သည့် ပြဋ္ဌာန်းချက်များ) တွင် အုပ်ချုပ်ရေးအဖွဲ့၏ အကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်မှုအား စစ်ဆေးခြင်းကို ပုံမှန်အားဖြင့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အသုံးချမှုဆိုင်ရာကျွမ်းကျင် ပညာရှင်များကော်မတီ (CEACR) ထံ လွှဲအပ်ထားပြီး၊ ၎င်းသည် ကော်မတီအစီရင်ခံစာများ၏ နိဂုံးချုပ်စာပိုဒ်မှ နိုင်ငံ၏ဥပဒေများနှင့် ကျင့်သုံးမှုနှင့် ပြဋ္ဌာန်းချက်၏ စည်းကမ်းချက်များ၏ ကွာဟချက်များ၊ သို့မဟုတ် ပေးထားသည့်အခြေအနေတစ်ခုနှင့် ထိုစာချုပ်စာတမ်းများ၏ သတ်မှတ်ချက်များ သဟဇာတဖြစ်မှုမရှိခြင်းတို့ကို အထူးသဖြင့် အလေးထား၍အာရုံစိုက်သည်။ သိသာထင်ရှားစွာဖြင့် ထိုဖြစ်နိုင်ခြေရှိမှုသည် အောက်တွင်ဖော်ပြထားသော လုပ်ထုံးလုပ်နည်းမှတစ်ဆင့်၊ ၎င်းမှပြုလုပ်သော အချို့အကြံပြုတိုက်တွန်းချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်မှုကို၊ ကော်မတီမှစစ်ဆေးခြင်းကို ဟန့်တားရန်မဟုတ်ပါ - ဤသည်ကို အချို့မေးခွန်းများ၏ သဘောသဘာဝ သို့မဟုတ် အဆောတလျင်ဖြစ်မှုကို ထည့်သွင်းစဉ်းစားရာတွင် အသုံးဝင်မှုရှိနိုင်သည်။

၇၃။ ဒုတိယအမှု (အတည်မပြုခဲ့သည့်ပြဋ္ဌာန်းချက်များ) တွင်၊ အကယ်၍အကြောင်းပြန်ကြားချက်မရှိခဲ့လျှင်၊ သို့မဟုတ် အကယ်၍ ပေးပို့ခဲ့သည့်အကြောင်းပြန်ကြားချက်သည် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကျေနပ်ဖွယ်ရာ မရှိခဲ့လျှင်၊ ကိစ္စရပ်ကိုအခါအားလျော်စွာ ဆက်လက်အရေးယူဆောင်ရွက်နိုင်ပြီး၊ အမှုတစ်ခုစီ၏သဘောသဘာဝ အလိုက်၊ သင့်တော်သည့်ကာလအပိုင်းအခြားများ၌၊ သက်ဆိုင်ရာအစိုးရထံသို့ ကိစ္စရပ်အတွက်သတိပေးရန် နှင့် အုပ်ချုပ်ရေးအဖွဲ့၏ အကြံပြုတိုက်တွန်းချက်များအရ ပြုလုပ်ခဲ့သည့် အရေးယူဆောင်ရွက်မှု၏ သတင်းအချက်အလက်များကိုပေးပို့ရန် ၎င်းအားတောင်းဆိုရန် ညွှန်ကြားရေးမှူးချုပ်အား ကော်မတီမှ ညွှန်ကြားသည်။ ကော်မတီကိုယ်၌၊ အချိန်နှင့်အမျှ၊ အခြေအနေအပေါ်တွင် အစီရင်ခံသည်။

၇၄။ ကော်မတီအနေဖြင့် အမှုအား အချက်အလက်ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်သို့ လွှဲပြောင်းမှုအတွက် သက်ဆိုင်ရာအစိုးရ၏ သဘောတူညီချက်ကို ရယူရန်ကြိုးပမ်းမှုအတွက် အုပ်ချုပ်ရေးအဖွဲ့သို့ အကြံပြုတိုက်တွန်းနိုင်သည်။ ကော်မတီသည် အုပ်ချုပ်ရေးအဖွဲ့၏ အစည်းအဝေးတိုင်းသို့ အုပ်ချုပ်ရေးအဖွဲ့က ထပ်မံစစ်ဆေးရန် ခိုင်လုံကြောင်းဆုံးဖြတ်ထားသည့် အမှုများအားလုံးအပေါ်၌ တိုးတက်မှုအစီရင်ခံစာတစ်စောင်ကို တင်သွင်းသည်။ တိုင်ကြားမှုပြုလုပ်ခံရသည့် အစိုးရ၏ အချက်အလက်ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေး ကော်မရှင်သို့ လွှဲပြောင်းမှုကို ငြင်းဆိုခဲ့သည့် သို့မဟုတ် ယင်းကဲ့သို့သော သဘောတူညီချက်အတွက် တောင်းဆိုမှုတစ်ခုကို လေးလအတွင်း အကြောင်းမပြန်သည့်အမှုတိုင်းတွင်၊ ကော်မတီသည်၊ အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်နိုင်မည့်၊ သင့်လျော်သောရွေးချယ်စရာ အရေးယူဆောင်ရွက်ချက်ကို၊ အုပ်ချုပ်ရေးအဖွဲ့သို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့သည့် ၎င်း၏ အစီရင်ခံစာတွင်၊ ကော်မတီ၏ထင်မြင်ချက်အရ၊ ထည့်သွင်းနိုင်သည်။ အချို့အမှုများတွင်၊ အုပ်ချုပ်ရေးအဖွဲ့ကိုယ်၌သည် အချက်အလက်ရှာဖွေရေးနှင့် ညှိနှိုင်းဖျန်ဖြေရေး ကော်မရှင်သို့ လွှဲပြောင်းမှုကို အစိုးရက သဘောမတူသည့်အခါ အရေးယူဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။

# အဆုံးသတ်မှတ်စု

i ၁ – ဤနောက်ဆက်တွဲတွင် ရည်ညွှန်းထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများ အများစုသည် "လုပ်ထုံးလုပ်နည်းဆိုင်ရာမေးခွန်းများ" ခေါင်းစဉ်အောက်ရှိ အောက်ပါအထောက်အထားစာရွက်စာတမ်းများတွင် ပါဝင်သည် – ကော်မတီ၏ ပထမဦးဆုံး အစီရင်ခံစာ၊ အပုဒ်များ ၆ – ၃၂၊ ကုလသမဂ္ဂသို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ခြောက်ကြိမ်မြောက်အစီရင်ခံစာ (ဂျီနီဗာ၊ အိုင်အယ်လ်အို၊ ၁၉၅၂ ခု)၊ နောက်ဆက်တွဲ – ၅၊ ကုလသမဂ္ဂသို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ခုနစ်ကြိမ်မြောက်အစီရင်ခံစာတွင် ခြောက်ကြိမ်မြောက်အစီရင်ခံစာ (ဂျီနီဗာ၊ အိုင်အယ်လ်အို၊ ၁၉၅၃ ခု)၊ နောက်ဆက်တွဲ – ၅၊ အပုဒ်များ ၁၄ – ၂၁၊ ကုလသမဂ္ဂသို့ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ကိုးကြိမ်မြောက်အစီရင်ခံစာတွင် ရှစ်ကြိမ်မြောက်အစီရင်ခံစာ (ဂျီနီဗာ၊ အိုင်အယ်လ်အို၊ ၁၉၅၄ ခု)၊ နောက်ဆက်တွဲ – ၂၊ အပုဒ်များ ၂ – ၄၀၊ တရားဝင်ကြေငြာချက်တွင် ၂၉ ကြိမ်မြောက်နှင့် ၄၃ ကြိမ်မြောက်အစီရင်ခံစာများ၊ အတွဲ XL ၃ ၊ ၁၉၆၀ ခု၊ အမှတ် ၃၊ ၁၁၁ ကြိမ်မြောက် အစီရင်ခံစာ၊ အထက်၌ ဖော်ပြခဲ့ပြီးသောစာပိုဒ်၊ အတွဲ L (၂)၊ ၁၉၆၉ ခု၊ အမှတ် ၄၊ အပုဒ်များ ၇ – ၂၀၊ ၁၂၇ ကြိမ်မြောက်အစီရင်ခံစာ၊ အထက်၌ ဖော်ပြခဲ့ပြီးသောစာပိုဒ်၊ အတွဲ L ၅၊ ၁၉၇၂ ခု၊ ဖြည့်စွက်ချက်၊ အပုဒ်များ ၉ – ၂၈၊ ၁၆၄ ကြိမ်မြောက်အစီရင်ခံစာ၊ အထက်၌ ဖော်ပြခဲ့ပြီးသောစာပိုဒ်၊ အတွဲ L ၁၀၊ ၁၉၇၇ ခု၊ အမှတ် (၂)၊ အပုဒ်များ ၁၉ – ၂၈၊ ၁၉၃ ကြိမ်မြောက်အစီရင်ခံစာ၊ အထက်၌ဖော်ပြခဲ့ပြီးသောစာပိုဒ်၊ အတွဲ L ၁၂၊ ၁၉၇၉ ခု၊ နှင့် ၃၂၇ ကြိမ်မြောက်အစီရင်ခံစာ၊ အထက်၌ဖော်ပြခဲ့ပြီးသောစာပိုဒ်၊ အတွဲ L ၁၁၁၅၊ ၂၀၀၂ ခု၊ အပုဒ်များ ၁၇ – ၂၆။

ii ၂ – လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း၊ အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် ဥပဒေသများအတိုချုပ်၊ ငါးကြိမ်မြောက် (ပြန်လည်ပြင်ဆင်ထားသည့်) တည်းဖြတ်မှု၊ ၂၀၀၆ ခု၊ အပုဒ် ၂ ကိုကြည့်ပါ၊

iii ၃ – ၂၀၀၆ အတိုချုပ်၊ အပုဒ် ၁ ကိုကြည့်ပါ။

iv ၄ – ၂၀၀၆ အတိုချုပ်၊ အပုဒ် ၆ ကိုကြည့်ပါ။

v ၅ – ၂၀၀၆ အတိုချုပ်၊ အပုဒ် ၉ ကိုကြည့်ပါ။

vi ၆ – ၂၈၇ ကြိမ်မြောက်အစီရင်ခံစာ၊ အမှုတွဲအမှတ် ၁၆၂၇၊ အပုဒ် ၃၂ ကိုကြည့်ပါ။

vii ၇ – ၂၀၀၆ အတိုချုပ်၊ အပုဒ် ၁၀ ကိုကြည့်ပါ။

viii ၈ – ၂၆၈ ကြိမ်မြောက်အစီရင်ခံစာ၊ အမှုတွဲအမှတ် ၁၅၀၀၊ အပုဒ် ၆၉၃ ကိုကြည့်ပါ။

ix ၉ – ၂၉၇ ကြိမ်မြောက်အစီရင်ခံစာ၊ အပုဒ် ၁၃ ကိုကြည့်ပါ။

x ၁၀ – ချီလီအခြေအနေနှင့်ပတ်သက်သည့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်ရှာဖွေခြင်းနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်၏ အစီရင်ခံစာ၊ ၁၉၇၅ ခု၊ အပုဒ် ၄၆၆ ကိုကြည့်ပါ။

xi ၁၁ – ၂၇၄ ကြိမ်မြောက်အစီရင်ခံစာ၊ အမှုတွဲများအမှတ် ၁၄၅၅၊ ၁၄၅၆၊ ၁၆၉၆ နှင့် ၁၅၁၅၊ အပုဒ် ၁၀ ကိုကြည့်ပါ။

xii ၁၂ – ၂၂၉ ကြိမ်မြောက်အစီရင်ခံစာ၊ အမှုတွဲအမှတ် ၁၀၉၇၊ အပုဒ် ၅၁ ကိုကြည့်ပါ။

■■■

The translation this publication is funded by the European Union and delivered by the Trade for Decent Work Project.

ဤ ဘာသာပြန်ဆိုမှုကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် မြန်မာလုပ်သားဈေးကွက် အုပ်ချုပ်စီမံရေးဆိုင်ရာ စီမံကိန်းက ပြုစုထုတ်ဝေသည်။

**Disclaimer:** This publication is not an official translation of ILO documents. While every effort has been made to provide an accurate translation, the ILO is not responsible for any loss arising as a result of relying on the content of this publication. The ILO is not responsible for any inaccuracies or differences in the interpretation of the ILO documents in this publication.

**ရှင်းလင်းချက်** – ဤစာစောင်သည် အိုင်အယ်(လ်)အို စာရွက်စာတမ်းများ၏ တရားဝင်ဘာသာပြန်ဆိုမှု မဟုတ်ပါ။ တိကျသော ဘာသာပြန်ဆိုမှုဖြစ်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ထားသော်ငြားလည်း ဤစာစောင်ပါ အကြောင်းအရာများကို အားကိုးရာမှကြုံတွေ့ရသည် ဆုံးရှုံးမှုများအတွက် အိုင်အယ်(လ်)အိုမှ တာဝန်ခံခြင်းမရှိပါ။ ဤစာစောင်ပါ အိုင်အယ်(လ်)အို စာရွက်စာတမ်းများကို အနက်အဓိပ္ပာယ် ကောက်ယူရာ၌ မတိကျမှုများ သို့မဟုတ် ကွဲလွဲမှုများအတွက် အိုင်အယ်(လ်)အိုမှ တာဝန်မခံပါ။